ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (18-3-2004) (၄၁၇၉)

ယနေ့ထုတ်စောင်ရေ ၁၉၆၄၁၉

သုဘာသိတာ စ ယာဝါစာ တေံ မင်္ဂလ မုတ္တမံ။ ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ တို့တပ်မတော်ရဲ့ အဓိကအကျဆုံး မူလတာဝန်ကြီးပဲဖြစ်တယ်။ တပ်မတော်ဟာ နိုင်ငံတော်ကိုကာကွယ်နိုင်ဖို့၊ ပြည်သူလူထုကို အလုပ်ကျွေးပြုနိုင်ဖို့၊ ပြည်သူတွေ အားကိုးနိုင်လောက်တဲ့ တပ်မတော်မျိုးအစဉ်ဖြစ်နေဖို့ စွမ်းရည်ထက်မြက်အောင် လေ့ကျင့်နေရမယ့် တာဝန်ပဲဖြစ်တယ်။ နောက်ဆုံးတာဝန်ကတော့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထာဝရ ထမ်းဆောင် သယ်ပိုးရေးပဲဖြစ်တယ်။

တပ်မတော်ရဲ့အဓိကတာဝန်ကြီးသုံးရပ်ဟာ တစ်–နိုင်ငံတော်ကာကွယ်ရေး၊ နှစ်–စွမ်းရည်ထက်မြက်စေရန်လေ့ကျင့်ရေး၊ သုံး–ပြည်သူလူထု၏အကျိုးစီးပွားကို ထာဝစဉ် သယ်ပိုးဆောင်ရွက်ရေးတို့ပဲ ဆိုတာ ရဲဘော်တို့အလေးအနက်ခံယူထားစေချင်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ် (၅၀)ပြည့်ရွှေရတု တပ်မတော်နေ့မိန့်ခွန်းမှ–

မြန်မာနိုင်ငံအတွင်း သတင်းဆက်သွယ်မှုနည်းပညာကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေရရှိဖြစ်ထွန်းနေသည့် အရှိန်အဟုန်ကို ပိုမိုမြှင့်တင်နိုင်ရေး တက်ညီလက်ညီ ဆက်လက်ကြိုးစားအားထုတ်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) အစည်းအဝေးခန်းမ၌ကျင်းပသည့် အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲထားရှိမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✡



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈-၃-၂၀၀၄
(ကြာသပတေးနေ့)

စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်စွာ အထောက်အကူပေးနိုင်မည့် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ကြီးမားသောကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး အစဉ်တစိုက်အလေးပေးဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ယင်းသို့တည်ဆောက် ဖြည့်ဆည်းပေးထားသည့် အခြေခံကောင်းများကို ထိရောက်စွာ အသုံးပြုပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းသည် မိုးစပါးနှင့် နွေစပါးကို အများဆုံးစိုက်ပျိုးလျက်ရှိသည့် ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိသည်။ ထို့အပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် ဂုန်လျှော်တို့ကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက ခြောက်သောင်းကျော်၊ ပုစွန်ကန်ဧက သုံးသောင်းငါးထောင်ကျော် တိုးတက်ဖြစ်ပေါ်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးအထူးဇုန်သဖွယ် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၇ရက်နေ့က ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စများ မှာကြားခဲ့သည်။

ငပုတောမြို့နယ်သည် ပုသိမ်ခရိုင်အတွင်း မိုးစပါးအများဆုံးစိုက်ပျိုးနိုင်ခဲ့သည့် မြို့နယ်ဖြစ်သကဲ့သို့ နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အပြင် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် ဆီထွက်သီးနှံ၊ ပဲသုံးမျိုးနှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။

ငပုတောမြို့နယ်သည် ခရိုင်အတွင်း ရေငန်ပုစွန်ကန်နှင့် ငါးကန်အများဆုံးရှိသော မြို့နယ်ဖြစ်သည့်အပြင် တစ်နိုင်ငံလုံး၌ ဆားအများဆုံးထုတ်လုပ်လျက်ရှိသော မြို့နယ်ဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့သည် သမိုင်းဝင်နေရာဖြစ်သကဲ့သို့ စီးပွားရေးအရလည်းကောင်း၊ တည်နေရာအနေအထားအရ လည်းကောင်း အရေးပါသဖြင့် မြို့အဖြစ်သတ်မှတ်ပေးထားပြီဖြစ်သည်။ ဒေသခံပြည်သူများကမြို့အင်္ဂါရပ်နှင့် ညီညွတ်လှပရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ရေငန်ပုစွန်ပိုမိုမွေးမြူကြရေး ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ရေ၊ မြေသယံဇာတ သဘာဝအခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဝင်းအောင် ရုရှားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ အယ်ရီဂေး၊ ဗွီ၊လာရောဗ့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဇီဝဓာတ်ငွေ့သရုပ်ပြစီမံကိန်းစက်ရုံဖွင့်

ရန်ကုန် မတ် ၁၇

ဘင်းမ်စတက်(BIMST-EC)၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ The Energy and Resources Institute (TERI)တို့ ပူးပေါင်းဆောင်ရွက်သော ဇီဝဓာတ်ငွေ့ဖြင့် အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ လည်ပတ်သည့် သရုပ်ပြစီမံကိန်း စက်ရုံဖွင့်ပွဲအခမ်းအနားကို မြင်းခြံခရိုင်၊ ကုက္ကိုကျေးရွာတွင် မတ် ၃ရက်က အောင်မြင်စွာကျင်းပခဲ့သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ အိန္ဒိယနိုင်ငံ TERI မှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား Mr. Sunil Dhingraနှင့် ဇီဝဓာတ်ငွေ့ပညာရှင်များ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိရိတင်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ စွမ်းအင်စီမံရေးဦးစီးဌာနနှင့် ဗာဂျီးနီးယားဆေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အိုင်ယာလန်အမျိုးသားနေ့ ဝန်ကြီး ဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၄ ခုနှစ် မတ် ၁၇ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဘရိုင်ယန်၊ ကိုဝင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

ရွှေပွင့်ဝေတဲ့နွေ

★ မြေအပြင် ရွှေစင်ဝင့်အောင်လို့
ရွှေအပင် ရွှေရင်ဖွင့်လေလေ့
ရွှေပွင့်တို့ဝေခဲ့ပြီ...။

★ လေအရိုင်းတွေက
ရစ်သိုင်းကာ မာန်ဖွဲ့ငြိုးတဲ့ပြင်
မိုးမင်း ဘယ်လိုထန်လည်း
ကြံ့ကြံ့ခံ စိတ်နှလုံးရယ်နဲ့
"တုံးဆိုလျှင် ပြေး၍တိုက်
ကျားဆိုက ကိုက်ပစေ
အမိုက်ရန် မှုန်းချေဖျက်စဉ်မတော့
လေ့ခွက်ကျန် အလံမလှဲပါဘူး"
မာန်ဖွဲ့ ထိန်ထိန်ဝေတော့
မိန်နွေမှာ သိန်သရေဆန်းပါလို့
ပန်းပွင့်ခါမီ...။

★ ပြည်သူ့အတွက် သားစစ်သည်
မြရည်မှာ ရွှေခြည်ဆင့်
စစ်ချီတေး သံပြိုင်သီ
အောင်လံနီ ရဲရဲရင့်။

★ ဪ... သပြေခက်တွေနဲ့
ရွှေလက်ဝယ်နှံ့သာခြယ်၍
မာလာနွယ် စံပယ် ဂမုန်းငုံပြင်
ကြော့ဆုံးခင် အယဉ်အနှစ်ကယ်တို့
စစ်သည်ကို ချစ်ကြည်တမ်းပါလို့
လက်ကမ်း အတူကြိုတော့
သည်မြေကို ဘယ်သူဆိုင်၍
ဘယ်သူပြိုင် လုနိုင်အုံး(ဦး)မှာလဲ
ဘုန်းသမ္ဘာ ရွှေရောင်တောက်ချိန်မို့
မိုးအောက် ကမ္ဘာမြေ၌
မြန်မာပြေ(ပြည်) အလှဆုံးပါလို့
သီကုံးကာ ဂုဏ်တင့်စမ်းချင်ရဲ့
နွေအရုဏ် ရွှေမှုန်ဖျန်းတော့ကာ
(ကွယ်) ပန်းမြတ်ဂုဏ်တင့်။ ။

မြင်းမှူမောင်နိုင်မိုး

အင်တာနက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)က ကြီးမှူး၍ ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တာနက်မိတ်ဆက် သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ e-Learning Center ၌ မတ် ၂၂ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ နေ့စဉ် (ရုံးပိတ်ရက်မပါ) မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီ အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၆၅၂၃၀၇နှင့် ၇၀၇၅၀၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၁)ရပ်ကွက် မင်္ဂလာရာမပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာ ရွှေဥမင်ဆရာတော်ဘုရားကြီးအား ဦးထိပ်ထား၍ သင်္ကြန်အတွင်း ၁၀ ရက်တရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဂုဏာစာရလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရား ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ဧပြီ ၅ ရက်နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ချမ်းဆောင်းဟောမန် လွန်ချိန်ခါ

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

"ဟေမန္တဥတုမှ ဂိမှန္တဥတုသို့ပြောင်းသည့် တပေါင်းလသည် အပူလမ်းမလွန်၊ အချမ်းလည်း မလွန်သော ရာသီဖြစ်ပါသည်။ ရွက်သစ်ပြောင်း၍ ရွက်ဟောင်းကြွေချိန်ဖြစ်ကာ နေရှိန်မပူ သီတဂူအအေးသာပြီး ခရီးထွက်ရာတွင် မပန်းမမောသွားနိုင်သော အချိန်ကာလဖြစ်ပါသည်။ မြက်အပေါင်းစိမ်းလန်းကာ မြေအပြင်သည် သာယာပြေပြစ်ပါသည်။ ဤသို့ နှစ်သက်ဖွယ်ရာ အကောင်းဆုံးသော ရာသီ၌ မွေးရပ်ဌာနေပြည်တော်သို့ ဒေသစာရီကြွတော်မူရန် သင့်တော်ကောင်းမြတ်သော အခါတော်ဖြစ်ပါသည်ဘုရား"ဟု အစချီ၍ မြတ်စွာဘုရားရှင်အား ဖွားဖက်တော် ရဟန္တာကာဠုဒါယီမထေရ်မြတ်က လတပေါင်း၏အလှကို တောဘွဲ့၊ တောင်ဘွဲ့၊ ပန်းဘွဲ့၊ စမ်းဘွဲ့၊ စခန်းဖွဲ့ ဂါထာပေါင်း ခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့လျှောက်ထားပါသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် မြတ်စွာဘုရားထံ အမတ်ကြီးကိုးဦးတို့အား တစ်ဦးချင်း ဗိုလ်ခြေတစ်ထောင်စီနှင့် ကိုးခေါက်စေလွှတ်ခဲ့ရာ ဘုရားရှင်၏ တရားကိုနာပြီး အားလုံးရဟန္တာများဖြစ်ကုန်ကြကာ နေပြည်တော်သို့ ပြန်ကြွခြင်းမပြုကြတော့ပါ။ သို့အတွက် (၁၀) ကြိမ်မြောက် ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးကို စေလွှတ်ပြန်ရာတွင်လည်း အမတ်ကြီးနှင့် အပေါင်းပါအားလုံး ရဟန္တာဖြစ်ကုန်ကြပြန်ပါသည်။ မထေရ်မြတ်သည် မိမိ ကတိပေးခဲ့သည့်အတိုင်း ကပိလဝတ်နေပြည်တော်သို့ မြတ်စွာဘုရားကြွချီရန် ရုတ်တရက်မလျှောက်ထား၊ စောင့်ဆိုင်းနေပြီး တပေါင်းလပြည့်နေ့ရောက်မှသာလျှင် အထက်ပါအတိုင်း လျှောက်ထားခြင်းဖြစ်ပါသည်။ ရာသီများတွင် တပေါင်းလရာသီသည် အသာယာဆုံး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ဤသည်ကို စာဆိုတော် ရှင်အုန်းညိုက အောက်ပါအတိုင်း စပ်ဆိုထားခဲ့ပါသည်။

"ဟေမာချမ်းဆောင်း၊ ကြွလဲ့ပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှန္တဟု၊
သာလှပျော်မှု၊ သည်ရတု၌၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊
တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်း၊ ဖြင်ပေါပြည်း၏။
ခမည်းတော်ကောင်း ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊
တောင်းပန်ထွာသည်၊ သွားခါကာလတန်ပြီတည်း။"

ရှင်ဥတ္တမကျော်ကလည်း ရာသီဖွဲ့၏ ရှေ့ပြေးဖြစ်သည့် တောလားကဗျာတွင် ငှက်အပေါင်းတို့ မြတ်စွာဘုရားအား ဖူးမြော်ကြပုံကို ထည့်သွင်းစပ်ဆိုထားပါသည်။

"သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှောင်ခဲ့၊
ဘုန်းခေါင်ပရမေ၊ သုံးလူ့ဆွေလျှင်၊ ဒေသစာရီ၊ ပြည်ကပွီသို့၊ကြွချီ
အားသန်၊ ချိန်ခါတန်ကို၊ တောင်ပံယှက်ရိုက်၊ မြေနုတ်စိုက်၍၊အလိုက်
ဘာသာ၊ ဟသ်ာသောင်တင်း၊ ပိန်ညင်းစင်ရော်၊ ငှက်တော်ကြိုးကြာ၊
သာရကာနှင့်၊ တမာကြက်တော၊ ဥသြငှက်ကျား၊ ငှက်ငနွားလည်း၊
ဝပ်တွားဘီလုံး၊ ရွှေငုံးချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သုံးလူ့ဖျားကို၊
တတ်အားသမျှ၊ ဖူးကြကုန်လျက်၊ ရှိပန်ဆက်သည် ..."

ဤတပေါင်းလ၌ မြန်မာနိုင်ငံတွင် စေတီပုထိုးများ၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်များကို ကျင်းပသည့် အစဉ်အလာရှိလာပါသည်။ မြတ်စွာဘုရားပွင့်တော်မူသည့်အချိန်၌ ကမ္ဘာပေါ်တွင် ပထမဦးဆုံး တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၂)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ကျင်းပနေကြပြီဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာများ ကြည်နူးဝမ်းသာ ဂုဏ်ယူကြရန် ဖြစ်ပါသည်။

စာဆိုတော်အများသည် တပေါင်းလရာသီကို များစွာအမွှမ်းတင်၍ ဖွဲ့ဆိုလေ့ရှိကြပါသည်။ ဤရာသီသည် ရာသီများတွင် အသာယာဆုံးဖြစ်သောကြောင့် စာဆိုတော်တို့ စာပန်းချီရေးဖွဲ့သီကုံးကြရန် စိတ်အားထက်သန် နှစ်သက်ကြခြင်းဖြစ်ပါသည်။ ဤရာသီတွင် လွမ်းဆွတ်ဖွယ်ရာတို့ကို မင်းဇေယျရန္တမိတ်က ဤသို့ဖွဲ့နွဲ့ထားပါသည်။

"ဥသြသံလွှဲ၊ နွဲ့နွဲ့နွဲ့က၊ ဝမ်းကွဲထပ်လောင်း၊ စိတ်လုံးပျောင်းမျှ၊တပေါင်း
သနစ်၊ သာသည့်ဖြစ်ကို၊ စိစစ်ပြန်မိ၊ မျက်စိမလပ်၊ တင်တိမ်းမပ်မျှ၊
ရှစ်ရပ်မြောက်တောင်၊လွမ်းဝေမှောင်သည်၊ တ,ယောင်ဖြေမတတ်လှသောဝ်"

စာဆိုတော်မယ်ခွေကလည်း အားကျမခံ မိန်ရာသီတပေါင်းလဘွဲ့တွင် သူမ၏ ခံစားချက်ကို တင်ပြထားပါသည်။

"တစ်ကိုယ်လေ့မို့၊ မွေ့မွေ့သိမ်သိမ်၊ ကြည်နူးရန်ကြိမ်လိမ့်မယ်၊
မိန်ရာသီလတပေါင်းတဲ့၊ တစ်သောင်းလုံး စိတ်ငယ်အောင်၊
ပင်လယ်ကို ရည်မှန်းမှိုင်းနှင့် မျှော်တိုင်းညှိုး"

ပြဇာတ်ရေးဆရာ စာဆိုတော်ဦးကြင်ဥက တပေါင်းလ၏ သာယာပုံနှင့် အလှကို စာပန်းချီရေးဖွဲ့ထားပါသည်။

" ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်။ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်။ ဘမရာရွှေပိတုန်းငယ်တို့၊ ခွေသုံးကြဝတ်ရည်၊ ညွတ်ကြည်ဖွယ့်ဖော်ကွဲ။ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင်စာညီပြောပေပကြော၍သာမြဲ။"

မြဝတီမင်းကြီးဦးစက နွေဘွဲ့များကို ပတ်ပျိုးသီချင်းဘွဲ့ဖြင့် သာယာနာပျော်ဖွယ် စပ်ဆိုထားခဲ့ပါသည်။

"သာဆန်းရဂုံဖွေ၊ ညင်းပြေပြေ၊ လေပြည်လောင်း ...
မြယွန်းဘုံတိမ်ယံက၊ ဖန်လာမြူခိုး၊ ဖြိုးဖြိုးမှုန်ရီ၊
အုံ့ညီတည့်ထွေထူးဆန်း၊ ပန်းလေအောင်တည့်မှ လမ်းနှင့်ရေယာဉ်
သောင် ... "

ကဗျာစာဆိုလူဦးမင်းက တပေါင်းလဘွဲ့လေးချိုးကို လွမ်းစဖွယ်ကောင်းအောင် ဖွဲ့နွဲ့သီကျူးရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ သဲပုံစေတီတည်သည့်ဓလေ့ထုံးတမ်းစဉ်လာ၊ လယ်ယာအလုပ်သမားများ စိုက်ပျိုးရန်ပြင်ဆင်ကြပုံကိုလည်း ထည့်သွင်းထား ပါသည်။

"ကြူငွေသောင်မှာ၊ ယခေါင်စဉ်ရှည်၊ သဲစေတီတည်မြဲမို့၊ ရှစ်မည်ကမြူချီလျှင်၊ သရဖီရွှေလိုဝင်းလို့၊ အင်ကြင်းသန္တာညွန့်တို့၊ ဖူးကွန့်ကိုက်လှယ်... အဝှန်းရောင်ညီး၊ ပလောင်မီးလဲ၊တောင်ကြီးငယ်သုတ်သင်၊ လုပ်ငန်းယာပြင်ကြတယ်၊ သဘင်ကျယ်ကိုလွမ်းနယ်ပုံပိုင်းလို့ တာမကျုံး။"

ဤသို့ လတပေါင်းသည် ဘာသာရေးတွင် မြတ်စွာဘုရားလက်ထက်မှစ၍ အလေးမူရသည့်လ ဖြစ်ပါသည်။ တပေါင်းလ၏ သာယာကြည်နူးဖွယ်အလှကို စာဆိုတော်အများက အမွှမ်းတင်ဖွဲ့ဆို သီကုံးကြလေ့ရှိ၍ စာပေတွင်လည်း အရေးပါပါသည်။

မြန်မာနိုင်ငံအတွက်လည်း အရေးပါသော လရာသီဖြစ်ပါသည်။ လွတ်လပ်ရေးသမိုင်းတွင် အထူးမှတ်တမ်းတင်ရမည့် ဖက်ဆစ်တော်လှန်ရေးကို ဤတပေါင်းလတွင် စတင်ခဲ့ပါသည်။ ပြည်သူတို့အား ဦးဆောင်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော တပ်မတော်အား ဂုဏ်ပြုသည့် တပ်မတော်နေ့ကို ဤတပေါင်းလတွင် ကျင်းပမြဲဖြစ်ပါသည်။ နိုင်ငံအများတွင် တပ်မတော်နေ့ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင်းပလေ့ရှိပါသည်။ လွတ်လပ်ရေး ရရှိရန်နှင့် တည်တံ့ခိုင်မြဲရေးအတွက် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်း တပ်မတော်သားများကို သတိရဂုဏ်ပြု ကြပါသည်။ နာဇီနှင့် ဆိုဗီယက်တို့၏ အရှုံးအနိုင်ကို ဆုံးဖြတ်ချက်ပေးသည့် ဘော်ဂါဂရက်တိုက်ပွဲတွင် နိုင်ငံအတွက် အသက်ပေးခဲ့သော သူရဲကောင်းများအတွက် ခမ်းနားစွာ တည်ထားသည့် ဗိမာန်ကြီးသို့ ကျွန်တော် ရောက်ရှိခဲ့ပါသည်။ သူရဲကောင်းတို့၏ အမည်များကို ကော်ဇောကြီးများတွင် ရက်လုပ်လွှင့်ထူထားပါသည်။ ဝါရှင်တန်ရှိ The Tomb of Unknown Soldiersတွင် နှစ်စဉ် Memorial and Veteran Day Service ကို ပြုလုပ်ကြပါသည်။ လန်ဒန်မြို့ ပါလီမန်အနီး White Hallလမ်းမကြီးတွင် Cenotaph သူရဲကောင်းအထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူထားပြီး နှစ်စဉ် လွမ်းသူ့ပန်းခွေများချကာ ဂုဏ်ပြုကြပါသည်။ ကင်ဘာရာမြို့ Australian War Memorial ရှေ့တွင် နှစ်စဉ် Remembrance Day Ceremonyကို ကျင်းပဂုဏ်ပြုကြပါသည်။ နိုင်ငံအတွက် အသက်ပေးခဲ့သည့် သူရဲကောင်းတစ်သိန်းကျော်တို့၏ အမည်များကို ကမ္ပည်းထိုးထားပါသည်။ သံအမတ်ကြီးများကို ဖိတ်ကြားရာ ကျွန်တော် တက်ရောက်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် တပေါင်းလသည် အရေးပါသောလ ဖြစ်ပါသည်။ သို့ပါ၍ တပေါင်းလရောက်တိုင်း ကျွန်တော်စိတ်လှုပ်ရှားရပါသည်။ ဥသြသံကိုကြားရပြီး ရော်ရွက်ဝါသစ်ရွက်များ လေမှာဝေ့၍ ကြွေကျသည်ကိုကြည့်ရင်း လွမ်းရမလို၊ တရားကျရမလိုဖြစ်လေ့ရှိပါသည်။ စာဆိုတော်ကြီးများ၏ စိတ်နှလုံးကို ဆွဲကိုင်လှုပ်နိုင်သော အလှရှိသည့် နွေဦးအလှကို ကျွန်တော်လည်း ခံစားရပါသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ပြည်သူနှင့် တပ်မတော်တို့၏ ဂုဏ်ဒြပ်ကို အမှတ်ရစေပါသည်။ တပေါင်းလနှင့် ကျွန်တော့် ဘဝဆက်စပ်နေသည်ဟု ဆိုရပါမည်။ တပေါင်းလသည် ကျွန်တော့်မွေးလဖြစ်ပါသည်။ တပေါင်းလရောက်တိုင်း ပြီးခဲ့သည့်နှစ်ကို ဆန်းစစ်ကြည့်ပြီး လာမည့်နှစ်အတွက် ကောင်းမှုလုပ်ငန်း ကုသိုလ်များပြုနိုင်အောင် ပြင်ဆင်ရပါလိမ့်မည်။ တပေါင်းလသည် နှစ်၏ နောက်ဆုံးလဖြစ်သလို လာမည့်နှစ်၏ အစပျိုးချိန်ဖြစ်ပါသည်။

ဤသို့ ဘာသာရေး၊ စာပေရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု တို့တွင် အရေးပါလှသည့်တပေါင်းလကို ကျွန်တော် ချစ်ခင်မြတ်နိုးမိပါသည်။ ။

ရွှေပြည်သာ သာသနဒီပံ သင်္ကြန်ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ ရွှေပြည်သာ ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဧပြီ ၁၀ ရက်မှ ၁၇ရက်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြား ပို့ချမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများ ရိပ်သာဖုန်း–၇၀၇၄၉၇ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၇

နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အလုံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၀၀ တို့ဝင်ရောက်ယှဉ်ပြိုင်ကြရာ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို တက္ကသိုလ်စိန်ရတုခန်းမ(မြေညီထပ်နှင့် အပေါ်ဆုံးထပ်)တွင် မတ် ၂၈ ရက် တနင်္ဂနွေနေ့ ညနေ ၃ နာရီခွဲမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်ရာ သမိုင်းအထူးပြု ပြည်သူ့အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်လည်း ပါဝင်မည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် ဦးဝင်းနိုင် ဖုန်း–၇၂၃၉၅၈၊ ဦးအောင်ကျော်မင်း ဖုန်း–၆၆၁၈၄၁၊ ဦးမြင့်ထူး ဖုန်း–၆၆၅၂၈၆၊ ဦးဉာဏ်ဝင်း ဖုန်း–၂၀၃၁၅၄၊ဦးနန်းအောင် ဖုန်း–၅၇၉၈၃၈၊ ဦးမျိုးလွင် ဖုန်း ၀၉–၈၀၃၂၇၄၁၊ ဦးကျော်ထွန်းဖုန်း ၀၉–၉၂၃၃၆၈၊ ဦးဌေးမြင့် ဖုန်း–၅၃၉၇၂၂၊ ရန်ကုန် တက္ကသိုလ်သမိုင်းဌာန ဖုန်း–၅၃၆၉၉၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ကိုးကြိမ်မြောက်သီလရှင်အပါး ၁၀၀ စုပေါင်းဝတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

သန်လျင်မြို့ အောင်ချမ်းသာ(၁)ရပ်ကွက် ခေမာရာမသီလရှင်စာသင်တိုက်တွင် ဧပြီ ၁၀ရက် (စနေနေ့)တွင် စုပေါင်းသီလရှင်အပါး ၁၀၀ ဝတ်ပွဲကို ကိုးကြိမ်မြောက် ကျင်းပမည်ဖြစ်ပါ၍ သီလရှင်ဝတ်လိုသူများ ဧပြီ ၆ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အောင်ချမ်းသာ(၁)ရပ်ကွက် ခေမာရာမသီလရှင်စာသင်တိုက်သို့ စာရင်းပေးသွင်း ကြရမည်ဖြစ်သည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Privatization & FDI in Myanmar (ပြည်သူ့ရေးရာ)
- ၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" (အပိုင်း–၂၆)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း–၄၀) (ဇာတ်သိမ်း)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မဟာသကြၤန်၏ မွန်မြတ်သည့်ရည်ရွယ်ချက်များ မပျက်ပြားစေရေးဦးတည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်မှုများ ရှောင်ရှား

ရန်ကုန် မတ် ၁၇

၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးမြတ်သူ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ကို ကောင်းမြတ်သည့် အစဉ်အလာများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း။

ထိန်းသိမ်းဆောင်ရွက်

မြန်မာ့ရိုးရာမဟာသကြၤန်ပွဲတော်၏ မွန်မြတ်သည့် ရည်ရွယ်ချက်များ မပျက်ပြားစေရေး ဦးတည်လျက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊နေထိုင်ပြုမူမှုများ၊ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့် အပြုအမူနှင့် ဝတ်စားဆင်ယင်မှုများ၊ သူတစ်ပါးအား ဒုက္ခရာအနှောက်အယှက်တရ ဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့် အပြုအမူများ မပြုလုပ်ရေး ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့အပြင် အများပြည်သူ အေးချမ်းသာယာစွာ မဟာသကြၤန်ပွဲ ဆင်နွှဲခြင်းကို ထိပါးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေမည့် အပြောအဆို၊ အပြုအမူ၊ လှုပ်ရှားမှုများ၊ ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီးသော အပြောအဆို၊ အပြုအမူနှင့် လှုပ်ရှားမှုများကို ဂရုပြု ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်တွင် နှစ်ပေါင်းရှည်ကြာ ထိန်းသိမ်းလာသည့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မပျောက်ပျက်စေရေးအတွက် ဟိရီဩတ္တပ္ပတရားကင်းမဲ့သည့် ဝတ်စားဆင်ယင်မှု ပြုမူပြောဆိုမှုများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်၍ ကြိုတင်အသိပညာပေး ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)



တရုတ်နိုင်ငံမှ အလိုရှိသော လူသတ်မှု/ လုယက်မှု တရားခံအား မြန်မာနိုင်ငံမှ ဖမ်းဆီး၍ မူဆယ်မြို့၌ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၁၇

တရုတ်နိုင်ငံမှ လူသတ်မှု/လုယက်မှုဖြင့် အလိုရှိနေသော တရားခံ ဝမ်ဝိန်ပေါင်း(၄၁)နှစ်(ဘ) ဦးဝမ်ရှီးချွန်(တိုးပင်ရိုးရွာ ပေါက်စန်းဒေသ ချင်းလီမြို့ ချန်းလင့်ခရိုင် ယူနန်ပြည်နယ်)အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ၂၀၀၄ခုနှစ် မတ် ၁၀ရက် နံနက် ၈နာရီ မိနစ် ၄၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ မူဆယ်မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ရဲမှူးဝင်းနိုင်၊ နယ်မြေခံထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးကျော်ဇေယျ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်လွင်၊ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးအေးသန်းနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဘက်မှ ချန်းလင့်ခရိုင် ရဲဌာနမှူး ရဲမှူးကြီးတင်းကျိစိန်း(Ding Zhi Shen)၊ ဒုတိယရဲမှူးကြီးဆုဟုန်ကျွင်း (Su Hong Ming) နှင့် တာဝန်ရှိ ရဲအရာရှိများ တက်ရောက်ကြသည်။

တရုတ်နိုင်ငံဘက်မှ လူသတ်မှု၊ လုယက်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသော တရားခံ တရုတ်နိုင်ငံသား ဝမ်ဝိန်ပေါင်းအား တရုတ်နိုင်ငံ ရွှေလီရဲဌာန၏အကူအညီတောင်းခံချက်အရ မြန်မာနိုင်ငံဘက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ရဲတပ်ဖွဲ့နှင့် နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက မနားမနေ ကြိုးစားဖော်ထုတ်ခဲ့ရာ တရားခံ ဝမ်ဝိန်ပေါင်း ပုန်းအောင်းနေသော ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်ဝိန်းကြီးကျေးရွာ၌ ဖမ်းဆီးဖော်ထုတ်ရရှိခဲ့ခြင်းဖြစ်သည်။

တရားခံလွှဲပြောင်းပေးအပ်မှု အခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ ရဲမှူးဝင်းနိုင်က မူဆယ်ခရိုင် ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်/ရွှေလီရဲတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူများကို အပြန်အလှန်ကူညီ ဖမ်းဆီးလွှဲပြောင်းနိုင်ခဲ့သည့်အတွက် လုပ်ငန်း အောင်မြင်မှုများရရှိခဲ့ကြောင်းနှင့် တရုတ်နိုင်ငံဘက်မှ ချန်းလင့်ခရိုင် ရဲဌာနမှူး ရဲမှူးကြီးတင်းကျိစိန်းက ယခုကဲ့သို့ တရုတ်နိုင်ငံဘက်မှ ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသော တရားခံအား မြန်မာနိုင်ငံဘက်မှ ကူညီဖမ်းဆီးပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ နောင်တွင် တရုတ်နိုင်ငံချန်းလင့်ခရိုင်မှ တရားခံပြေးများရှိခဲ့လျှင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကူအညီ တောင်းခံမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သတင်းဖလှယ်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိကြောင်းတို့ကို ပြောကြားကြပြီး နံနက် ၉နာရီ ၁၅မိနစ်တွင် တရားခံလွှဲပြောင်းမှုမှတ်တမ်းတွင် မြန်မာနိုင်ငံဘက်မှ ရဲမှူးဝင်းနိုင်ကလည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ရဲမှူးကြီးတင်းကျိစိန်းကလည်းကောင်း လက်မှတ်ရေးထိုးကြကာ လွှဲပြောင်းပေးအပ်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ISUZU Motors Ltd. Japanက အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီး ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပရာ M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ M.G.F အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ M.P.G.A အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲအစီအစဉ်အရ ပြိုင်ပွဲဝင်အသင်း (၁၅)သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့်နေရာတွင် နေရာယူထားကြပြီး M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌက ပြိုင်ပွဲဝင်ပြည်နယ်နှင့် တိုင်း အသင်းများကို လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ISUZU Motors Ltd. Japan မှ ဌာနေကိုယ်စားလှယ် ဦးအေးချိုတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်း ကစားအပြီး၌ အသင်းလိုက်အကျော့မဲ့ (Team Scratch)ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းက Total Gross ၂၂၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

(သတင်းစဉ်)

လူငယ်လူရွယ် ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့ Fund for Prevention of HIV / AIDS in Myanmar (FHAM) တို့ ပူးပေါင်းဆောင်ရွက်သော လူငယ်လူရွယ် ဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကြီးကြပ်မှုကော်မတီ နာယကများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ငြေနှင့် ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib. M. Assifi နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ ပြည်နယ်၊ တိုင်းများမှ ပညာပေးလေ့ကျင့်ရေးစခန်းဝင်ပြီးသူ လူငယ်လူရွယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ဆောင်ရွက်လျက်ရှိသည့် လူငယ်လူရွယ်အစီအစဉ်မှ ပညာပေးလေ့ကျင့်ရေးစခန်းဝင်ပြီးသူ ပြည်နယ်နှင့်တိုင်းများမှ လူငယ်လူရွယ် ကိုယ်စားလှယ် ၄၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၂ ရက်အထိဖြစ်သည်။

(သတင်းစဉ်)

တရုတ်နိုင်ငံမှ အလိုရှိသော တရားခံ ဝမ်ဝိန်ပေါင်းအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ ရဲမှူးဝင်းနိုင်နှင့် တရုတ်နိုင်ငံဘက်မှ ရဲမှူးကြီးတင်းကျိစိန်းတို့ လက်မှတ်ရေးထိုးလွှဲပြောင်းပေးအပ်ကြစဉ်။ (ပြည်ထဲရေး)

အီရတ်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲ တိုက်ပွဲများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၆

အီရတ်နိုင်ငံတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည်။

ဆက်ဒမ်ဟူစိန်၏ တားမြစ်လက်နက်များ ရှာဖွေတွေ့ခဲ့ခြင်းမရှိမှုက အီရတ်စစ်ပွဲအရှိန်လျော့ကျခြင်းမရှိခဲ့ကြောင်း အီရတ်နိုင်ငံကို တိုက်ခိုက်သည့် ပထမအကြိမ်နှစ်ပတ်လည် အချိန်အခါတွင် အခိုင်အမာပြသခဲ့ခြင်းဖြစ်သည်။

ဝမ်းမြောက်

မိမိအနေဖြင့် အီရတ်နိုင်ငံကို စစ်ဆင်နွှဲရခြင်းသည် မှန်ကန်သောလုပ်ဆောင်မှုဟု ထင်မြင်မိပြီး ယင်းသို့ လုပ်ဆောင်ရခြင်းအတွက် ဝမ်းမြောက်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဒေါ်နယ်ရမ်းစဖဲလ်က ပြောကြားသည်။

ဓာတုနှင့်ဇီဝလက်နက်များရှာဖွေမတွေ့မှုနှင့်ပတ်သက်၍ ၎င်းအားမေးမြန်းရာတွင် ရမ်းစဖဲလ်က ယင်းကိစ္စအား အီရတ်စစ်ပွဲအောင်မြင်မှု အကျိုးဆက်မှ ခွဲထုတ်စဉ်းစား၍ ရသည်ဟု မိမိမထင်မြင်မိကြောင်း ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့တောင်ပိုင်းဒေသတွင် အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ဗုံးတစ်လုံး စနေနေ့က ပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင် သုံးဦး သေဆုံးသွားကြောင်း စစ်ဘက်မှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကြေညာ

ဒဏ်ရာရရှိသည့် စတုတ္ထမြောက် တပ်ဖွဲ့ဝင်တစ်ဦးသည် တိုက်ခိုက်ရေးစစ်ဆေးရုံတွင် ယင်းဒဏ်ရာဖြင့် တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဌာနချုပ်က ကြေညာသည်။

လိုက်ပါလာ

နာရီပိုင်းကြာပြီးသည့်နောက် ဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် အမေရိကန် အစောင့်တပ်ဖွဲ့ဝင်သစ်တစ်ဦးသည် ၎င်းတို့လိုက်ပါလာသည့် မော်တော်ယာဉ်တန်း သီးခြားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။

တီကရစ်မြို့လယ်တွင် စစ်ဘက်မှမော်တော်ယာဉ်တန်းကို ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး စနေနေ့နံနက်စောစောပိုင်းက ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အင်တာနက်။

အီရတ် ရွှေချောင်း

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးက အီရတ်နိုင်ငံမှ ခိုးထုတ်ရန် ကြံစည်ခဲ့သည့် ရွှေချောင်းနှင့် အမျိုးအစားတူညီသော ရွှေသားစစ်စစ် အီရတ်ရွှေချောင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ရွှေချောင်းခိုးထုတ်ရန် ကြိုးပမ်းစဉ်ဖမ်းမိဟုဆို

လန်ဒန် မတ် ၁၆

အီရတ်နိုင်ငံတွင်တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသည် ဘဏ်တစ်ခု၏ မြေအောက်ခန်းမှ တွေ့ရှိသော ရွှေသားစစ်စစ် ရွှေချောင်းတစ်ချောင်းကို အီရတ်နိုင်ငံ အပြင်ဘက်သို့ မှောင်ခိုထုတ်ရန် ကြိုးပမ်းစဉ် ဖမ်းမိကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားလိုက်သည်။

ယင်းရွှေချောင်းသည် ပေါင်၄၀ (၁၈ ကီလိုဂရမ်) လေးပြီး စတာလင်ပေါင် ၂၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၄၅၀၀၀၀)ခန့်တန်ဖိုးရှိကြောင်း ကမ္ဘာ့သတင်းအမည်ရှိ သတင်းစာတစ်စောင်က ရေးသားသည်။

နာမည်ဖော်ပြခြင်းမရှိသည့် အဆိုပါတပ်ဖွဲ့ဝင်သည် အခြားသော ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့်အတူ ဘာဆရာမြို့တွင် မသမာ ခိုးယူကြသူများ မွှေနှောက်ယူဆောင်သွားခဲ့သည့် ဘဏ်တစ်ခုမှ ရွှေချောင်းများကို တွေ့ရှိခဲ့သည်။

ကြိုးပမ်း

ရွှေချောင်းတစ်ချောင်း ပျောက်ဆုံးနေကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင်က ပတ္တူအိတ်ရှည်အတွင်း ထည့်သွင်းကာ ဆိုက်ပရပ်နိုင်ငံသို့ မှောင်ခိုထုတ်ယူရန် ကြိုးပမ်းခဲ့ကြောင်းဖြင့် ၎င်း၏ မိတ်ဆွေတစ်ဦးက ပြောကြားသည်။

ရှာဖွေ

လေယာဉ်ပျံပေါ်သို့ ၎င်းတပ်ဖွဲ့ဝင် မတက်မီ အိတ်များအား ပစ္စည်းရှာဖွေရေးစက်ဖြင့် ရှာဖွေစဉ် ရွှေချောင်းအား သိမ်းဆည်းမိထားခြင်းဖြစ်သည်။

အင်တာနက်။

အသေင်မြို့ရှိ အမေရိကန်အဆောက်အအုံအပြင်၌ ဗုံးတစ်လုံးတွေ့ရှိ

အသေင် မတ် ၁၇

ဂရိနိုင်ငံ၏ မြို့တော်အသေင်မြို့ရှိ အမေရိကန်ဘက်ဆိုင်ရာ အဆောက်အအုံ အပြင်ဘက်တွင် ဗုံးတစ်လုံးကို သက်ဆိုင်ရာက ယမန်နေ့က ရှာဖွေတွေ့ရှိခဲ့သည်။ယင်းဗုံးအား မပေါက်ကွဲစေရန် အသေင်ရဲတပ်ဖွဲ့က စနက်တံ ဖြုတ်ကာ ဖယ်ရှားရှင်းလင်းရကြောင်း အသေင်သတင်းစာက ဖော်ပြခဲ့သည်။

ဗုံးကို တွေ့ရှိမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိသကဲ့သို့ မည်သူ့လက်ချက် ဆိုသည်ကို ထုတ်ဖော် ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ယခု လာမည့် နွေရာသီတွင် အိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသေင်မြို့၌ လုံခြုံရေးထူထပ်စွာ ချထားသည်။

စီအင်န်အင်န်။

ဟာလီဘာတန်ကုမ္ပဏီ၏ ဆောင်ရွက်ချက် ကန်စစ်ဘက်ဆိုင်ရာအရာရှိ ဝေဖန်ပြစ်တင်

ဝါရှင်တန် မတ် ၁၆

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အခြေစိုက်စခန်းသစ်များ အပူတပြင်းတည်ဆောက်နေသည့် တာဝန်ယူဆောင်ရွက်မှုများတွင် ဟာလီဘာတန်ကုမ္ပဏီကြီးသည် အတားအဆီးတစ်ရပ် ဖြစ်နေကြောင်း အီရတ်ရှိ အမေရိကန်မှ ထိပ်တန်းစစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ဝေဖန်သည်ဟု တနင်္လာနေ့ထုတ် ဝေါစထရိဂျာနယ်က ရေးသားဖော်ပြသည်။

ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချက်က အထက်တန်းစစ်ဘက်ဆိုင်ရာအရာရှိများထံသို့ မှုကြမ်းစာတစ်စောင် ရေးသားရာတွင် ယင်းကဲ့သို့ ဝေဖန်ခြင်းဖြစ်သည်။ ယင်း၏ ဝေဖန်ချက်သည် အီရတ်နိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့တွင် ဟာလီဘာတန် ကုမ္ပဏီ၏ ဆောင်ရွက်မှုများအား ပထမဆုံးအကြိမ်အဖြစ် စစ်ဘက်ကပွင့်လင်းစွာ ဝေဖန်လိုက်ခြင်းကို ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်သည်။

ဟာလီဘာတန် ကုမ္ပဏီသည် စာရင်းများဖြစ်ကတတ်ဆန်းပြုစုပြီး ငွေကြေးတောင်းခံရာတွင် ပိုမိုတင်ပြတောင်းခံမှုရှိသည်ဟူသော စွပ်စွဲမှုများကို အမေရိကန်စစ်ဌာနချုပ်မှ စာရင်းစစ်များက စစ်ဆေးနေစဉ် ဆက်လက်၍ ပြဿနာများ ပေါ်ပေါက်နေလင့်ကစား ကုမ္ပဏီ၏ ဖော်ဆောင်မှုစွမ်းရည်အား အမေရိကန်စစ်ဘက်က ကျေနပ်ကြကြောင်းဖြင့် ဟူစတန်အခြေစိုက် ကန်ထရိုက်လုပ်ငန်းရှင်က အခိုင်အမာပြောကြားသည်။

ဟာလီဘာတန်ကုမ္ပဏီသည် အခြေစိုက်စခန်းများဆောက်လုပ်ရေးတွင် ချို့ယွင်းအားနည်းချက်ရှိခဲ့ရာ ၎င်းတို့ကြောင့် ဒုတိယကမ္ဘာစစ်အပြီး အကြီးဆုံးသော တပ်ဖွဲ့ပြောင်းရာတွင် ရှုပ်ထွေးမှုများပေါ်ပေါက်စေခဲ့ကြောင်း၊ စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ဟာလီဘာတန်ကုမ္ပဏီသည် စားနပ်ရိက္ခာဆိုင်ရာကန်ထရိုက်လုပ်ငန်းရှင်အား ငွေချေးရာတွင် နောက်ကျခဲ့ကြောင်း၊ လက်ခွဲကန်ထရိုက် လုပ်ငန်းရှင်တစ်ဦးကလည်း အီရတ်ရှိတပ်ဖွဲ့ဝင်၂၀၀၀ခန့်အတွက် စားနပ်ရိက္ခာ ဖြည့်တင်းမှုတာဝန်ကို ပြန်လည်ရုပ်သိမ်းမည်ဟု ခြိမ်းခြောက်ထားကြောင်း ဆန်းဒေးသတင်းစာတွင် ဖော်ပြထားသည်။

အင်တာနက်။

ပစိဖိတ်လိုက်ဖ် တင်းနစ်ပြိုင်ပွဲ

ကာလီဖိုးနီးယား မတ် ၁၅

မတ် ၁၁ ရက်က ကျင်းပခဲ့သည့် ပစိဖိတ်လိုက်ဖ် အမျိုးသမီး တင်းနစ်ပွဲစဉ်တွင် ဂျပ်စတင်းဟီနန်ဟတ်ဒင်းက ဆာမန်သာရီဗက်စ်ကို ၆–၂၊၆၂ဖြင့် အနိုင်ရရှိသွားသည်။ ***အင်တာနက်။***

အားမာန်အပြည့်

ကာလီဖိုးနီးယားတွင်ကျင်းပသည့် ပစိဖိတ် လိုက်ဖ်တင်းနစ် ပြိုင်ပွဲ၌ ဘယ်ဂျီယံမှ တင်းနစ် မယ်ဂျပ်စတင်း ဟီနန်ဟတ်ဒင်းက ပြိုင်ဘက်ဆာမန်သာရီဗက်စ်ထံသို့ တင်းနစ်ဘောကို အားမာန်အပြည့် ရိုက်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ ဒီမိုကရေစီလည်း ပြည့်စုံမှုမရှိ ရုရှားသမ္မတ ပူတင်က ဝေဖန်ပြောကြား

မော်စကို မတ် ၁၆

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်းအား ရုရှားပြည်သူများက တစ်ခဲနက် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းကို အမေရိကန်က ဝေဖန်မှုနှင့်စပ်လျဉ်း၍ တနင်္လာနေ့တွင် ပယ်ချလိုက်ပြီး၊ မည်သည့်ဒီမိုကရေစီမျှ ပြီးပြည့်စုံသည်မရှိကြောင်း၊ အမေရိကန် ဒီမိုကရေစီသည်ပင်လျှင် မပြည့်စုံသေးကြောင်း ပြောကြားလိုက်သည်။

ရုရှားသမ္မတ ပူတင်မှာ တနင်္ဂနွေနေ့က ပြည်သူ့ဆန္ဒမဲ ၇၀ရာခိုင်နှုန်းရရှိပြီး သမ္မတသက်တမ်း ဒုတိယအကြိမ်အတွက် အနိုင်ရလိုက်သည်။ သို့သော် ရွေးကောက်ပွဲမဲဆွယ်စဉ်အတွင်း သမ္မတပူတင်၏ပြိုင်ဘက်များမှာ မီဒီယာနှင့် တန်းတူညီတူထိတွေ့ဆက်ဆံခွင့်မရခြင်းမှာ ကောင်းမွန်သည့် လက္ခဏာမဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်က ဝေဖန်ခဲ့သည်။

ရွေးကောက်ပွဲအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ သမ္မတပူတင်က ပြောကြားရာတွင် အခြားသူ၏ အသေးအဖွဲပျော့ကွက်များကို မြင်တတ်သူသည် ကိုယ့်အမှားကို ကိုယ်မမြင်ဟူသော ဆိုရိုးစကားရှိကြောင်း၊ ဒီမိုကရေစီဖွံ့ဖြိုးနေပါပြီဆိုသော နိုင်ငံအများအပြား၌လည်း သူတို့ ဒီမိုကရေစီနှင့် မဲပေးမှုအစီအစဉ်များတွင် ပြဿနာအများအပြားရှိနေကြောင်း၊ လွန်ခဲ့သည့် လေးနှစ်နီးပါးကာလက အမေရိကန်မဲပေးစနစ်တွင် အလွဲလွဲအချော်ချော်ရှိခဲ့ခြင်းကို တအံ့တသြတွေ့ရှိကြောင်းဖြင့် ထုတ်ဖော်ပြောကြားသည်။

၂၀၀၀ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဖလော်ရီဒါပြည်နယ် မဲအရေအတွက်နှင့်စပ်လျဉ်း၍ တရားရုံး၏ အကြိမ်ကြိမ်ဆုံးဖြတ်မှုများချမှတ်ပြီးနောက် သမ္မတဘုရှ်က အယ်လ်ဂိုးအား အနိုင်ယူခဲ့မှုကို ရုရှားသမ္မတပူတင်က ရည်ညွှန်းပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိတို့သည် ဤဝေဖန်ချက်ကို လျစ်လျူရှုမပြုဘဲ ဝေဖန်သုံးသပ်မည်ဖြစ်ကြောင်း၊ ဝေဖန်သုံးသပ်ရာတွင်လည်း ပွဲပြီးမီးသေမဟုတ်ဘဲ၊ သင့်လျော်သည့်ကောက်ချက်များ ချမှတ်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲကြောင့် အီရတ်ပြည်သူတို့ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးကြရမှု

အီရတ်နိုင်ငံကို ကျူးကျော်စစ်ဆင်နွှဲခဲ့သော အမေရိကန်ဦးဆောင်သည့် တပ်များ၏ တိုက်ခိုက်မှုကြောင့် အီရတ်တပ်မတော်မှာ ပြိုကွဲသွားခဲ့ရသည်။ ကျူးကျော်စစ်ပွဲကြောင့် လုံခြုံရေး ကင်းမဲ့နေသည့် အီရတ်ပြည်သူတို့ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးကြရမှုများမှာ တစ်နေ့တခြား များပြားလျက်ရှိနေသည်။



အီရတ်စစ်ပွဲစတင်ချိန်မှ ၂၀၀၄ မတ်လအထိ အီရတ်ပြည်သူတို့ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးရမှု

ကာလ	အကြောင်းအရာ	သေဆုံးမှု
၂၀၀၃ မတ်	ဆင့်ကဲပေါက်ဖုံးများပေါက်ကွဲခြင်း	၂၇၉
၂၀၀၃ မတ်လ	လေကြောင်းတိုက်ခိုက်မှု	၁၁၈၇
၂၀၀၃ ဧပြီလကုန်အထိ	အီရတ်စစ်မှုထမ်းများသေဆုံးမှု	၁၀၀၀၀
၂၀၀၃ မတ်မှ ၂၀၀၄ မတ်အထိ	အမေရိကန်နှင့်အပေါင်းပါများ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် သေဆုံးမှု	၂၁၂
၂၀၀၃ မတ်မှ ၂၀၀၄ မတ်အထိ	အီရတ်ပြည်သူများသေဆုံးမှု	၁၀၃၆၄
စစ်ပွဲစတင်ချိန်မှ ၂၀၀၄ မတ်အထိ	ကလေးငယ်များသေဆုံးမှု	၉၃
	စုစုပေါင်း	၂၂၁၃၅

ဖေဖော်ဝါရီ ၁၅ရက်က အီရတ်နိုင်ငံ နာဆာရီယာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် ကားတစ်စီးကို တွေ့ရစဉ်။

အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင် ပစ်ခတ်ခဲ့သဖြင့် မိသားစုဝင်သုံးဦး သေဆုံးခဲ့ရမှုကြောင့် ဝမ်းနည်းငိုကြွေးနေသည့် မိသားစုဝင်များကို တွေ့ရစဉ်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဖေဖော်ဝါရီ ၁၂ရက်က ဆေးရုံ၌ တွေ့ရစဉ်။



ဖေဖော်ဝါရီ ၁၀ရက်က ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)။

ပျက်စီး

ဖေဖော်ဝါရီ ၁၂ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ကားတစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ဆည်တမံဆိုင်ရာအချက်အလက်များ

စဉ်	ဆည်တမံ	တည်နေရာ	အကျိုးပြုဧက
၁။	ကြက်မောက်လယ်တီ	မကွေးတိုင်း မြိုင်မြို့နယ်	၁၂၀၀
၂။	ပုန်းမကြည်	မန္တလေးတိုင်း မလှိုင်မြို့နယ်	၅၀၀ကျော်
၃။	သစ်တက်ကုန်း	မန္တလေးတိုင်း မြစ်သားမြို့နယ်	၅၀၀၀ကျော်

မကွေးတိုင်း မြိုင်မြို့နယ်ရှိ တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ကြက်မောက်လယ်တီ ရေထိန်းတမံကိုတွေ့ရစဉ်။

မန္တလေးတိုင်း မလှိုင်မြို့နယ်ရှိ တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ပုန်းမကြည် ရေလှောင်တမံ၏မြင်ကွင်းကို ဤသို့တွေ့ရသည်။

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်း၊ တာတမံများ (၁-၄-၂၀၀၀မှ ၃၁-၁၂-၂၀၀၀)အထိ

၁။	ရခိုင်ပြည်နယ်	ဂွမြို့နယ်	ရဟိုင်းကွင်းရေလှောင်တမံ
၂။	ရန်ကုန်တိုင်း	ကွမ်းခြံကုန်းမြို့နယ်	ကွမ်းခြံကုန်းရေထိန်းတံခါး
၃။	ပဲခူးတိုင်း	လက်ပံတန်းမြို့နယ်	သဲတောရေလှောင်တမံ
၄။	မန္တလေးတိုင်း	မြစ်သားမြို့နယ်	သစ်တက်ကုန်းရေလှောင်တမံ
၅။	မကွေးတိုင်း	မြိုင်မြို့နယ်	ကြက်မောက်လယ်တီရေထိန်းတမံ
၆။	မန္တလေးတိုင်း	မလှိုင်မြို့နယ်	ပုန်းမကြည်ရေလှောင်တမံ
၇။	မန္တလေးတိုင်း	ငါန်းဇွန်မြို့နယ်	မြို့သာရေလှောင်တမံ
၈။	ဧရာဝတီတိုင်း	အင်္ဂပူမြို့နယ်	နန်ကသူရေလှောင်တမံ
၉။	ရန်ကုန်တိုင်း	တွံတေးမြို့နယ်	မိုးမခရေလှောင်တမံ

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့သော သစ်တက်ကုန်းရေလွှဲဆည်ကို တွေ့ရစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

၂၀၀၄ခုနှစ် မတ်လ(၂၇)ရက်နေ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ ဤနေ့သို့ရောက်လေတိုင်း အစဉ်အလာကြီးမားခဲ့သော တပ်မတော်၏နိုင်ငံအတွက် ကြိုးပမ်းစွမ်းဆောင်ချက်များကို ချီးကျူးဂုဏ်ပြုမိသည်။ ထို့အတူ တပ်မတော်၏သမိုင်းတွင် အထူးအရေးပါခဲ့သော ဖက်ဆစ်တော်လှန်ရေး၌ တပ်မတော်သည် မိဘပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ဖက်ဆစ်ကို အောင်အောင်မြင်မြင် တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရမိသည်။

သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးတွင် တပ်မတော်၏ စွမ်းဆောင်အောင်မြင်မှုများကို မြန်မာ့သမိုင်း၌ ကမ္ပည်းမှတ်တမ်းတင်ထားပြီးဖြစ်သည်။ တပ်မတော်နှင့်အတူ မိဘပြည်သူများက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အပြည့်အဝဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ကူညီ တိုက်ပွဲဝင်ခဲ့ကြသည်။

ယခုဆောင်းပါးတွင် ဖက်ဆစ်တော်လှန်ရေး ကာလက တပ်မတော်နှင့်ပြည်သူ ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည့် တိုက်ပွဲပေါင်းများစွာထဲမှ မှတ်တမ်းဝင်နာမည်ကျော် တိုက်ပွဲတစ်ပွဲကို အမှတ်တရပြန်လည်တင်ပြပြီး တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

ဖက်ဆစ်တော်လှန်ရေးအမှတ်တရတိုက်ပွဲတစ်ပွဲမှာ မြစ်ဝကျွန်းပေါ်"ဖျာပုံကဓောင်း"တိုက်ပွဲဖြစ်သည်။

အချိန်မှာ ၁၉၄၅ခုနှစ်၏ ပူပြင်းခြောက်သွေ့လှသော မတ်လနွေရာသီအချိန်။ မြန်မာတစ်မျိုးသားလုံး ဖက်ဆစ်တို့၏လက်အောက်တွင် လူမှုဒုက္ခပေါင်းစုံ တွေ့ကြုံခံစားနေရချိန်၊ ဖိနှိပ်ရက်စက်လှသည့် ဖက်ဆစ်တို့ကို ပြန်လည်တွန်းလှန် တိုက်ခိုက်ရန် တပ်မတော်နှင့်တစ်မျိုးသားလုံးက ပူးပေါင်းလှုပ်ရှား နေကြချိန်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတစ်ဝန်း စစ်တိုင်းကြီးများခွဲ၍ ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေခဲ့ကြသည်။

မြစ်ဝကျွန်းပေါ်ဒေသ ဖျာပုံခရိုင်သည် ဖက်ဆစ်တော်လှန်ရေးတွင် တပ်ရင်း၇၃ရင်းဖြင့် ဖွဲ့စည်းထားသော တိုင်းအမှတ်(၂)၌ ပါဝင်ပြီး အမှတ်(၈၀)တပ်ရင်း၏ တာဝန်ကျ စစ်နယ်မြေဖြစ်သည်။ တပ်ရင်းတွင် စုစုပေါင်းအင်အား(၅၀)ကျော်ပါဝင်သည်။

အမှတ် (၈၀)တပ်ရင်းသည် စပါးတင်း ၃၀၀ဆံ့သော သမ္ဗာန်ကြီးလေးစင်းဖြင့် ၎င်းတို့တာဝန်ကျရာ ဖျာပုံခရိုင်ဒေသသို့ တော်လှန်ရေးစစ်ထွက်ရန် မတ် ၁၉ရက် ညသန်းခေါင်ကျော်တွင် တွံတေး တူးမြောင်းအတိုင်း ကုက္ကိုဝဘက်သို့ ထွက်ခွာခဲ့ကြပြီး တူးမြောင်းအနောက်ဘက် ကမ်းလယ်တဲများတွင် တပ်ဖျောက်လိုက်ကြသည်။ မတ် ၂၈ ရက် ညနေတွင် ဒေးဒရဲမြို့နယ် ဖိုးတုတ်ကျေးရွာသို့ ရောက်ခဲ့သည်။ ဖိုးတုတ်ကျေးရွာတွင် ကြိုတင်ရောက်ရှိနေသော အဖွဲ့က တပ်ကိုဆီးကြို၍ တော်လှန်ရေးတပ်ရင်းရုံး အခြေချမည့် ဖျာပုံမြို့နယ်၊ ကဓောင်းကျေးရွာသို့ ညတွင်းချင်းလျှို့ဝှက်စွာ ပို့ဆောင်ပေးခဲ့သည်။ လမ်းခရီးတွင် တပ်ခွဲ(၂)ကို သလိပ်ကြီးကျေးရွာတွင် တပ်ဖျောက် ထားခဲ့ပြီး ထိုမှဖျာပုံ မြစ်ကြောင်းအတိုင်း ဖျာပုံမြို့ကိုဖြတ်၍ တူးမြောင်းကျေးရွာမှတစ်ဆင့် ကဓောင်းကျေးရွာသို့ နောက်တစ်နေ့မိုးမလင်းမီ ချောချောမောမော ရောက်ခဲ့သည်။ ရွာထိပ်ရှိ ပျဉ်ထောင်အိမ်ကြီးတွင် စခန်းချကြသည်။ ကဓောင်းကျေးရွာ ရောက်တပ်မတော်ကို ရွာသူကြီးဦးအောင်ဇံနှင့် ရွာသူရွာသားများက ဝမ်းပန်းတသာကြိုဆိုနေရာ ချထားပေးခဲ့ကြသည်။

ကဓောင်းတိုက်ပွဲ ဂုဏ်ပြုတေးသီချင်းကို သီဆိုပြနေသော ကဓောင်းရွာသူ အဘွား ဒေါ်ညိမ်းတင်။

နံနက်စောစော မိုးလင်းသည်နှင့် ရွာ၏ပထဝီအခြေအနေကို လေ့လာကြပြီး ရွာ၏မြောက်ဘက်၊ ရွာထိပ်ရှိ ရေကန်တွင် အဓိကလက်နက်ကြီးတပ်ခွဲကို လျှို့ဝှက်စွာနေရာချထားကာ စက်သေနတ်ကျင်းများတူး၍ ကျန်တပ်ခွဲများကိုလည်း တာဝန်အသီးသီးပေး၍နေရာချထားလိုက်သည်။ တပ်ရင်းမှူး ဗိုလ်ကြီးဗစိန်က ဗိုလ်ချစ်စုဦးစီးသည့် စက်သေနတ်ကြီးတပ်ခွဲကို "စက်သေနတ်ကြီးကျင်းကိုပြီးအောင်တူးထား၊ မင်းတို့ဒီနေရာကမရွှေ့ရဘူး၊ ရန်သူဘယ်လောက်များများခုခံတိုက်ခိုက်ရမယ်၊ ရှုံးရင်ဒီကန်ဟာမင်းတို့ရဲ့သင်္ချိုင်းပဲ" ဟု အမိန့်ပေးထားခဲ့သည်။ ကဓောင်းကျေးရွာမှမျိုးချစ်စိတ်ရှိသည့် လူငယ်လူရွယ် အများအပြား တပ်မတော်ထဲသို့ တပ်သားသစ်များအဖြစ် ဝင်ရောက်လာကြသည်။ ရဲဘော်သစ်များကို စစ်ပညာသင်ကြားပေးခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် မြန်မာတစ်နိုင်ငံလုံး ဖက်ဆစ်တို့ကို စတင်တော်လှန်ရာမြစ်ဝကျွန်းပေါ်တိုင်းအမှတ်(၂)စစ်နယ်မြေသည် ဖက်ဆစ်တော်လှန်ရေးကို မတ်၂၉ ရက်တွင် စတင်နိုင်ခဲ့သည်။ ဗိုလ်ကြီးဗစိန်ဦးစီးသည့် အမှတ်(၈၀)တပ်ရင်းသည် ဖျာပုံမြို့နယ်တစ်ဝိုက်တွင် စစ်ရေးလှုပ်ရှားမှုအနေဖြင့် ပြောက်ကျားစစ်စတင်ဆင်နွှဲခဲ့သည်။ ဖျာပုံစစ်နယ်မြေ၏ စစ်ရေးလှုပ်ရှားမှုအဖြစ် ဧပြီ ၉ ရက်နံနက်၇နာရီတွင် ကျောက်ရဲစုရွာ၌ တပ်ခွဲ(၁)မှ ဗိုလ်မြသန်း(ခ) ဗိုလ်ထွန်းညိုဦးစီးသည့် တပ်စိတ်နှင့် ရန်သူဖက်ဆစ် ၁၂ယောက်တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ တပ်မတော်မှတပ်ကြပ်ကြီး သက်ကြည်ကျဆုံးသည်။ ယင်းနေ့တွင်ပင် တပ်ခွဲ(၃)မှ ဗိုလ်အောင်စိမ့် ဦးစီးသည့် တပ်စိတ်ကကျောက်ရဲစုရွာသို့ ချီတက်တိုက်ခိုက်ရာ ဖက်ဆစ်များကစဉ့်ကလျားဆုတ်ခွာသွားကြပြီး ရန်သူဖက်ဆစ်နှစ်ယောက်ဒဏ်ရာရရှိသည်။

ဗိုလ်မြသန်း(ခ)ဗိုလ်ထွန်းညို (နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထ...

ဧပြီ ၁၀ ရက်တွင် ထင်းကွင်းရွာ၌ ဗိုလ်ဟန်သိန်းဦးစီးသည့်တပ်ခွဲ(၂)က ဖက်ဆစ်ကင်းကိုစတင်တိုက်ခိုက်ရာ ရန်သူများဒဏ်ရာနှင့် ဆုတ်ခွာသွားခဲ့သည်။ ယင်းတိုက်ပွဲတွင် စက်သေနတ်ငယ်ပြောင်းတို တစ်လက်၊မဂ္ဂဇင်းခြောက်ခုနှင့် ကျည်ဆံ ၁၀၀ကျော် သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဗိုလ်အောင်စိမ့်ဦးစီးသည့် တပ်ခွဲ(၃)သည် ကဓောင်းရွာတပ်ရင်းမှ ကျုံကဒွန်းရွာသို့ချီတက်ကာ ကျုံကဒွန်းရဲဌာနကို သေနတ်မပစ်ဖောက်လိုက်ရဘဲ ဝင်စီးနိုင်ခဲ့ပြီး နှစ်လုံးပြူးနှင့် ဝင်ချက်စတာ သေနတ်များသိမ်းဆည်းရရှိခဲ့သည်။

ဖျာပုံမြို့နယ်ဆင်ခြေဖုံးအထိ တပ်မတော်၏ပြောက်ကျားစစ်ဆင်နွှဲနိုင်ခဲ့မှုကြောင့် ဖက်ဆစ်တပ်များမှာ ဖျာပုံမြို့ပေါ်တွင်သာလှုပ်ရှားနိုင်တော့သည့် အခြေအနေတွင်ရှိနေခဲ့သည်။ ဖျာပုံမြို့နယ် ကဓောင်းကျေးရွာသို့ တပ်မတော်ရောက်ရှိသည်မှာ ဟိုးလေးတကျော် ဖြစ်နေ၍ ဖက်ဆစ်တပ်ကသိရှိသွားပြီဖြစ်ရာ တစ်နေ့နေ့တွင် ဖက်ဆစ်တပ်များလာတိုက်တော့မည်ကို တပ်မတော်ကမုချ တွက်ထားပြီးဖြစ်သည်။

တပ်မတော်သည် စစ်...
လှုပ်ရှားမှုများကိုပါ ပူးတွဲ...
တပ်ခွဲ(၁)မှ ဗိုလ်ထွန်းညိုသည...
ကျိုက္ကဘာရွာသို့ ခရီးထွက်...
သည်။

ဧပြီ ၁၃ ရက် ညနေ ၄...
ဖက်ဆစ်တပ်သား စုစုပေါင်း...
ကျေးရွာသို့ ဖျာပုံတမံကျေ...

၁၉၄၅ ခုနှစ် ဧပြီ ၁၄...
ကဓောင်းရွာသို့ရောက်ရှိလာ...
တိုက်ပွဲဖြစ်ခဲ့သည်။ က...
တက်လာသောအခါ ရွာတွင်...
လိုက်သည်နှင့် ဖက်ဆစ်တ...
ရွာဆီသို့ သဲကြီးမဲကြီး ဦးတည်...
သတိမမူခဲ့ကြပေ။ တပ်မတေ...

သမို...

တပ်မတေ...
ဖက်ဆစ်...

(၅၉)နှစ်မြောက်တပ်မတော်နေ

အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းဝင် ကဖောင်းတိုက်ပွဲ ဖြစ်ပွားခဲ့သော ကဖောင်းရွာထိပ်ရှိ ရေကန်။

တပ်မတော်နှင့် ပြည်သူ ပူးပေါင်းဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးအမှတ်တရ ကဖောင်းတိုက်ပွဲ

ဖိုးအောင်လေး(စာပေဗိမာန်စာမူဆုရ)

်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)ကို တွေ့ဆုံမေးမြန်းနေစဉ်။

တပ်မတော်သည် စစ်ရေးလှုပ်ရှားမှုများသာမကဘဲ စည်းရုံးရေးလှုပ်ရှားမှုများကိုပါ ပူးတွဲလုပ်ဆောင်နေခဲ့ကြရာ ထိုကာလတွင် တပ်ခွဲ(၁)မှ ဗိုလ်ထွန်းညိုသည် မြို့နယ်အတွင်း စည်းရုံးရေးခရီးအဖြစ် ကျိုက္ကဘာရွာသို့ ခရီးထွက်ခဲ့ပြီး သပြေကန်ရွာတွင် ရောက်ရှိနေခဲ့သည်။

ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် မျှော်လင့်ထားသည့်အတိုင်း ဖက်ဆစ်တပ်သား စုစုပေါင်း အင်အား ၂၀၀ ကျော်ခန့်ဖြင့် ကဖောင်းကျေးရွာသို့ ဖျာပုံတမံကျေးရွာဘက်မှ ချီတက်လာခဲ့သည်။

၁၉၄၅ ခုနှစ် ဧပြီ ၁၄ ရက် နံနက် ၇နာရီတွင် ဖက်ဆစ်တပ် ကဖောင်းရွာသို့ရောက်ရှိလာပြီး တပ်မတော်နှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ခဲ့သည်။ ကဖောင်းကျေးရွာနားသို့ ဖက်ဆစ်တပ်တက်လာသောအခါ ရွာတွင်းမှ လူသံ၊သေနတ်သံများ အချက်ပေးလိုက်သည်နှင့် ဖက်ဆစ်တပ်က တပ်မတော်ကို အထင်သေးကာ ရွာဆီသို့ သဲကြီးမဲကြီး ဦးတည်ချီတက်လာကြသည်။ ရွာထိပ်ရေကန်ကို သတိမမူခဲ့ကြပေ။ တပ်မတော်၏ စက်သေနတ်ကြီးတပ်ခွဲကလည်း မိမိ၏ပစ်ကွင်းသို့ ရန်သူမရောက်မချင်း တည်တည်ငြိမ်ငြိမ်ဖြင့် ရန်သူ့အကဲကို စောင့်ကြည့်ခဲ့သည်။ ဖက်ဆစ်ဗိုလ်က ရွာခြေသို့ နီးကပ်လာမှဓားကိုဝင့်ကာ သူ့တပ်ကို တက်မိန့်ပေးလိုက်သော အချိန်တွင် ရန်သူမိမိပစ်ကွင်းထဲသို့ ရောက်လာပြီဖြစ်၍ တပ်မတော်က စက်သေနတ်ကြီးဖြင့် တရစပ်ပစ်ခတ်သည်။ မမျှော်လင့်ဘဲ စက်သေနတ်ကြီးသံ ပေါ်လာသဖြင့်လည်းကောင်း၊ ဖက်ဆစ်များ အထိနာ၍ အတုံးအရုံးသေဆုံး ကုန်သဖြင့်လည်းကောင်း ရွာသို့ ဆက်မတက်ရဲတော့ပေ။

ထိုအချိန်တွင် ကျုံကဒွန်းကျေးရွာ ရဲဌာနမှ လက်နက်များသိမ်း၍ ပြန်လာသော ဗိုလ်အောင်စိမ့်ဦးစီးသည့် တပ်ခွဲ(၃)သည် ကဖောင်းရွာသို့ စစ်ကူ ပြန်လည်ရောက်ရှိလာခဲ့ပြီးဖြစ်၍ ရန်သူဖက်ဆစ်များ ရှေ့မတိုးနိုင်မတက်နိုင်တော့ပေ။ မွန်းတည့် ၁၂နာရီလောက်တွင် ရန်သူပစ်ခတ်သံများ ကျဲကျဲသွားပြီး ကျည်ပစ်အားလျော့ ကျသွားခဲ့သည်။ပူပြင်းလှသည့် တပေါင်းနွေ၏ နေ့လယ်ခင်းတွင် ဖက်ဆစ်တို့ အကျအဆုံးများစွာဖြင့် နောက်ဆုတ်သွားခဲ့ရသည်။ ထိခိုက်ဒဏ်ရာရသူများကို တပ်ရင်းဆေးမှူး ဒေါက်တာတင်အောင်၊ ဆေးတပ်ကြပ်ထွန်းကြိုင်နှင့် ဆေးတပ်သားရဲဘော်ဘတင်တို့က စစ်မြေပြင်တွင် ဆေးခန်းဖွင့်ကာ ပြုစုကုသပေးခဲ့သည်။ ညနေ ၄နာရီခန့်တွင် ကဖောင်းတိုက်ပွဲ ပြီးဆုံးသွားခဲ့သည်။

ထိုအချိန်တွင် သပြေကန်ရွာသို့ ရောက်ရှိနေသော ဗိုလ်ထွန်းညိုထံမှ ကဖောင်းရွာတိုက်ပွဲမှရှုံးပြီး ဆုတ်ခွာထွက်ပြေးလာခဲ့သော ဖက်ဆစ်တို့ကိုရပ်သူရွာသားများနှင့် ပူးပေါင်းပြီး လမ်းမှဖြတ်တိုက်နေကြောင်း သတင်းရောက်ရှိလာသည်။ ဒုတိယစစ်မျက်နှာတစ်ခုဖွင့်ထားသကဲ့သို့ရှိနေခဲ့သည်။ တပ်မတော်သားများနှင့် ရဲဘော်သစ်များမှာတစ်နေ့လုံးနေပူထဲ ပစ်ခတ်တိုက်ခိုက်နေကြရသဖြင့် အားလုံးပင်ပန်းနွမ်းနယ်နေကြသော်လည်း ကစဉ့်ကလျား တကွဲတပြားမြေတွင် လိမ့်ကာဆုတ်ခွာနေကြသည့် ရန်သူကို စိတ်ဓာတ်အပြည့်အဝဖြင့် ညမှောင်သည်အထိ လိုက်တိုက်ခဲ့ကြသည်။ ညနေ ၄နာရီကျော်တွင် လှေကလေးတစ်စင်းဖြင့် တပ်မတော်၏ စက်သေနတ်ကြီး တပ်ခွဲရှိရာ ရွာထိပ်ရေကန်သို့ ရွာဘက်မှထမင်းလာပို့ကြမှ တပ်မတော်သားများမှာ ထမင်းစားကြရတော့သည်။

တပ်မတော်သည် တိုက်ပွဲပြီးဆုံးသည်နှင့် ညတွင်းချင်းပင် ကဖောင်းကျေးရွာမှထွက်ခွာခဲ့ကြပြီး ဘိုကလေး မြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာမှတစ်ဆင့် စခမ်းကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ စခမ်းကြီးကျေးရွာတွင် ဘိုကလေးမြို့နယ်အတွင်း တာဝန်ယူနေကြသော တပ်မတော်မှတပ်မှူးများနှင့် တွေ့ဆုံကြပြီး တပ်ပေါင်းနိုင်ခဲ့သည်။

ကဖောင်းတိုက်ပွဲအပြီးတွင် တပ်မတော်အား ရှုံးနိမ့်ခဲ့ရသဖြင့် ဖျာပုံမြို့စောင့်ဖက်ဆစ်တပ်မှူးမှာ အဆုံးစီရင်သွားခဲ့သည်။ ကဖောင်းတိုက်ပွဲ၏ လက်သံပြောင်မှုနှင့် တိုက်ပွဲအဆုံးအဖြတ် အစွမ်းထက်မှုကြောင့် ဖက်ဆစ်တပ်သည် ဖျာပုံမြို့မှ ဒရောသောပါး ဆုတ်ခွာခဲ့ရပြီး ဗိုလ်ကြီးဗစိန် ဦးစီးသည့်တပ်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ဖျာပုံမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

တိုက်ပွဲစဉ်တစ်လျှောက် ရန်သူဖက်ဆစ်(၅၄)ယောက်ကျဆုံးပြီး (၂၈)ယောက် ဒဏ်ရာရခဲ့သည်။ တပ်မတော် မှရဲဘော်(၃)ယောက်

ဆေး တပ် ကြပ် ကြ
ထွန်းကြိုင် လွတ်လပ်ရေး
မော်ကွန်းဝင် (ပထမဆ
ကို တွေ့ဆုံမေးမြန်းနေစဉ်

ကျဆုံးပြီး(၄)ယောက် ဒဏ်ရာရခဲ့သည်။ ကဖောင်းတိုက်ပွဲသည် ဖက်ဆစ်တော်လှန်ရေးကာလ မြစ်ဝကျွန်းပေါ်တိုင်းအမှတ် (၂)စစ်နယ်မြေ၌ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် မော်ကွန်းတင်ရမည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်ခဲ့သည်။ ကဖောင်းကျေးရွာရောက်တပ်မတော်သားများနှင့် ရွာခံနယ်မြေခံပြည်သူများ မည်သို့မည်ပုံ အပြန်အလှန်ကူညီပံ့ပိုးခဲ့ကြပြီး မည်မျှသံယောဇဉ်ကြီးခဲ့ကြသည်ကို ကဖောင်းတိုက်ပွဲအပြီး ပေါ်ထွက်လာသော ရေးသားစပ်ဆိုသူမသိရသည့် သီချင်းတစ်ပုဒ်က သက်သေပြလျက်ရှိခဲ့သည်။

"စက်သေနတ်၊စိန်ပြောင်း အချိန်ကောင်းလို့ တိုက်ရပါတယ်
လူမိုက်မိစ္ဆာ ဖက်ဆစ်ရန်ကိုလှ အမြစ်ပါလှန်လို့
ကဖောင်းရွာက အောင်သပြေ ထူလိုက်တယ်---
အရှေ့ပိုင်းကတော့ အချက်ကြီးလို့ စက်ကြီးပစ်ရတယ်
ရွာလယ်ပိုင်းကတော့ အချိန်ကောင်းလို့ စိန်ပြောင်းချရတယ်
အနောက်ပိုင်းက အချက်ပေးလို့ စက်ကလေးပစ်ရတယ်
စက်အမြောက်တွေ ဆင်ကာရယ် စက်ယန္တရားနဲ့ အလွမ်းကို
ဖြေတော့မယ်---။"

တိုက်ပွဲဝင်တပ်မတော်သားများ ကဖောင်းရွာမှ ထွက်ခွာခဲ့ကြပြီးချိန်တွင် တပ်မတော်သားများကို လွမ်းဆွတ်ပြီးကျန်ရစ်ခဲ့ကြသော ကဖောင်းရွာသူရွာသားတို့ ကဖောင်းတိုက်ပွဲကို ဂုဏ်ပြုစပ်ဆိုခဲ့သော သီချင်းဖြစ်သည်။ ထိုအချိန်၊ထိုကာလက ကဖောင်းကျေးရွာသူရွာသားတို့နှုတ်ဖျားတွင် ရေပန်းစားခဲ့သော သမိုင်းဝင်သီချင်း တစ်ပုဒ်ဖြစ်ခဲ့သည်။

ကဖောင်းတိုက်ပွဲ အောင
ခဲ့ခြင်းသည် တပ်မတော
စစ်ရေးစွမ်းရည်၊ ပြည်သူအ
ပူးပေါင်း ပါဝင်လာအေ
စည်းရုံးနိုင်ခဲ့သည့် စည်းရုံ
စွမ်းရည်နှင့် အုပ်ချုပ်
စွမ်းရည်တို့ကြောင့်ဟု ကေ
ချက် ချရမည် ဖြစ်သ
တစ်နည်း အားဖြင့်ဆိုေ
ပြည်သူနှင့် တပ်မတော
ပူးပေါင်း ဆောင်ရွက်
ရလဒ်အောင်ပွဲ ပင်ဖြစ်သ
(၅၉)နှစ်မြောက် တပ်မ
နေ့အကြိုကာလ အခါသ
တွင် တပ်မတော်၏ စွမ်း

(၃)ရပ်ကြောင့် အောင်
သော မှတ်တမ်းဝင် တို
ပေါင်းများစွာထဲမှ
ကဖောင်းတိုက်ပွဲကို ပြန်
တင်ပြရခြင်းသည် ဖျာပုံနယ
နယ်သားများဖက်ဆစ်တော်
ရေးတွင် မည်သို့ပါဝင်ခဲ့
ကို မှတ်တမ်းတင်လိုက်
ဖြစ်သကဲ့သို့ ကဖောင်းတို
ဆင်နွှဲခဲ့ကြသော တပ်မ
သားများနှင့် ဒေသခံပြည်သူ
ကိုလည်းကောင်း၊ တိုက်ပွဲ
အသက် စွန့်လှူသွားကြ
ကျဆုံး ရဲဘော်များကိုလ
ကောင်း ချီးကျူး၊ ဂုဏ
ဦးညွှတ် အလေးပြု လိုက်
ပင် ဖြစ်ပါသည်။ ။

ဓမ္မဒူတ တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀၈ တောင် ဘုရားဝင်းအတွင်း၌ ဓမ္မဒူတ ဆရာတော်များဖြစ်ကြသည့် အရှင်ပညာဝရ(တောင်စွန်း)က မတ် ၁၈ ရက်၊ အရှင်ပညိဿရ(တောင်စွန်း)က မတ် ၁၉ ရက်၊ အရှင်ဝိမလ(တောင်စွန်း)က မတ် ၂၀ ရက်၊ အရှင်ဆေကိန္ဒ(မှော်ဘီ)က မတ် ၂၁ ရက်နှင့် အရှင်ပညိဿရ(တောင်စွန်း)က မတ် ၂၂ ရက်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီခွဲမှစ၍ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက် ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်မည်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွင် ခင်းကျင်းပြသထားသော တမံဖြတ်ပိုင်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ နောက်ခံသမိုင်း၊ ရေအားလျှပ်စစ်ဦးစီးဌာနက ကွင်းဆင်းလေ့လာ တိုင်းတာတွေ့ရှိချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိမ့်ရေတားတမံ၊ ရေလွှဲပြွန်၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ကျောက်ဖြည့်တမံ၊ ရေအားလျှပ်စစ် စက်ရုံ၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စိမ့်ရေတား ကွန်ကရစ်နံရံ အပါအဝင် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်း အချက်အလက်များကို မေးမြန်းပြီး ရေစိမ့်ထွက်မှုမရှိစေရေး၊ စနစ်သစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံ ရရှိပြီးဖြစ်၍ တိကျမှန်ကန်ရေးနှင့် စီမံကိန်းပါကဏ္ဍအလိုက် လုပ်ငန်းများကို အချိန်တိုတိုနှင့် တစ်ပြိုင်တည်းပြီးစီးရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ပြည်ပမှ အတိုင်ပင်ခံ ပညာရှင်များအား လက်ဆောင်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခင်းကျင်းပြသထားသော တမံဖြတ်ပိုင်းပုံစံငယ်နှင့် ဇုန်အမျိုးအစားတမံတွင် ထည့်သွင်းအသုံးပြုမည့် မြေသားပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ရေလွှဲပြွန် တည်ဆောက်ရေးလုပ်ငန်း၊ ပင်မတမံတည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်၌ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ပြည်ပမှ အတိုင်ပင်ခံ ပညာရှင်များအား လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

စိမ့်ရေတား ကွန်ကရစ်နံရံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တမံအုတ်မြစ် စိမ့်ရေတား ကွန်ကရစ်နံရံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ Soil Cement ကွန်ကရစ် အရည်အသွေး စစ်ဆေးခြင်းနှင့် မြေဖရောင်း ပါဝင် စမ်းသပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘိုးရင်းလုပ်ငန်း၊ Clan Shell လုပ်ငန်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း အပါအဝင် တမံအုတ်မြစ် စိမ့်ရေတား ကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ High Tech Concrete Co., Ltd မှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းကြသည်။

၇၅မဂ္ဂါဝပ်

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၏ စီမံကိန်းတစ်ခု အပါအဝင်ဖြစ်ပြီး ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

ရွှေကျင်မြို့သို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် နံနက် ၁၁နာရီတွင် ပဲခူးတိုင်း ရွှေကျင်မြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်ဝင်းမြင့်၊ ပဲခူးခရိုင်နှင့် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာကြည်စိုးနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရွှေကျင် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး ပေါ်ပေါက်လာပုံ၊ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံသစ်ကြီး၌ ဆေးကုသခြင်းလုပ်ငန်းစတင်ရန် ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရောင်ခြည်ဦးဆောက်လုပ်ရေးမှ ဦးတင်ရွှေက ပြင်ပလူနာဌာန၊ ရုံးအဆောက်အအုံ၊ လူနာဆောင် နှစ်ဆောင် တည်ဆောက်ပြီးစီးနေမှု၊ ပြင်ပရေလုပ်ငန်း၊ လျှပ်စစ်မီးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်ဆောက်ပြီးစီးသွားသည့် သွားကုဆေးခန်း၊ဓာတ်မှန်ခန်းနှင့်လူနာဆောင်များ၊ တည်ဆောက်ဆဲ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ (၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှတပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စစ်စည်းကမ်းကောင်းမွန်

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများစစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးရာတွင် စစ်ရေးပြလေ့ကျင့်မှုများ အားရကျေနပ်ဖွယ်တွေ့ရှိရပြီး စစ်ရေးပြတပ်ခွဲများအနေဖြင့်လည်း စစ်စည်းကမ်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ တပ်မတော်နေ့ကျင်းပရေး ကော်မတီအသီးသီးကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်နေမှုကြောင့် တော်လှန်ရေးပန်းခြံမွမ်းမံပြင်ဆင်မှုမှအစ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် ကြိုတင် ပြင်ဆင်မှုများ ကောင်းမွန်ပြည့်စုံနေသည်ကို တွေ့ရှိရကြောင်း၊ ကော်မတီဝင်များအနေဖြင့် ယင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ယခုအစည်းအဝေးတွင် လိုအပ်သည်များ အကြံပြုဆွေးနွေးတင်ပြကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်စစ်ရေးပြရန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေ ၄ နာရီတွင်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❍ **တပ်မတော်မှ**

စစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက် စစ်ရေးပြလေ့ကျင့်ကြသည်။

အဆိုပါ စစ်ရေးပြ လေ့ကျင့်ရာသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအဖွဲ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာလေ့လာ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးကျော်သူ၏ဇနီး ဒေါ်လဲ့လဲ့ကြည်တို့ ဦးဆောင်၍ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့်ဝန်ကြီးများ၏ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံ သံရုံးများမှ အမျိုးသမီးသံအမတ်ကြီးနှင့် သံအမတ်ကြီးများ၏ဇနီးများ၊ အခြားသံရုံးအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း လေ့လာရေးအဖွဲ့သည် ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီကို သွားရောက်ဖူးမြော်ကြကာ အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် အခြားစိတ်ဝင်စားဖွယ်ရာနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မြဝတီစစ်ကြောင်းသို့ နို့ဆီနှင့် ငွေလှူဒါန်း

ရန်ကုန် မတ် ၁၇

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် မြဝတီစစ်ကြောင်းမှ တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် မြဝတီစစ်ကြောင်းရုံး၌ ကျင်းပရာ အလှူရှင် တီဇက်ကေ ဦးဇော်ဝင်းမိသားစုက ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ နို့ဆီအလုံး ၄၈၀ နှင့် မြန်မာပီတောက်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သောင်းတို့ကို မြဝတီစစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့်ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ဂီတနန္ဒဝန် ဂီတပွဲတော်ကြီး မတ်၁၉ရက်မှ ၂၁ရက်အထိ ကျင်းပမည်

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ဦးစီး၍ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေ၊စန္ဒရားစိန်သောင်း၊ စန္ဒရားမောင်ရည်နွယ်၊ စန္ဒရားနီနီ၊စန္ဒရားငွေစိုး၊ စန္ဒရားတင်လှ၊ စန္ဒရားမော်မော်ထွန်းညွန့်၊ စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားမောင်လှအေး၊ စန္ဒရားဘိုတာထွန်းညွန့်၊ စန္ဒရားမျိုးနိုင်၊ စန္ဒရားမောင်ခင်လှနှင့် စန္ဒရားကွန်းဇော် စသည့် နိုင်ငံကျော် စန္ဒရားပညာရှင်များနှင့် စန္ဒရားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အိဖြိုးပိုင်၊ အိယဉ်မွန်၊ ဖူးဖူးသန့်နှင့် အိမ့်သရသူတို့က စန္ဒရားဆိုင်ရာ အနုပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်လိမ္မာမှုဂီတအရည်အသွေးများကို လက်စွမ်းပြသကြမည်ဖြစ်သည်။

ဤဂီတပွဲတော်ကြီးတွင် တယောကိုတင်ငွေ၏ တယောသြခက်စတြာနှင့်အတူ ခေတ်ပေါ်တူရိယာများ၊ တိမ်မြုပ်နေသော ရှေးဟောင်း မွန်၊ မြန်မာတူရိယာတီးခတ်မှုများနှင့် သုမောင်၊ ကေတုဝင်းထွဋ်၊ သန်းမြတ်စိုး၊ ရန်ပိုင်စိုး၊ ရာဇာဝင်းတင့်၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ ဖိုးသောကြာ၊ တင်တင်မြ၊ ထားဖြူသီ၊ ရီရီသန့်၊ နှင်းရည်သန့်၊ စိုးစန္ဒာထွန်း၊ ခင်မျိုးအေး၊ ပန်းအိဖြူ၊ အိအိချွန်၊ ရွှေယမင်းဦးတို့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲရွှေတံဆိပ်ဆုရှင် မျိုးဆက်သစ်တေးသံရှင်များ၏ တေးသံသာများကို နားဆင်ကြရမည်ဖြစ်သည်။ ထို့ပြင် မိုးဒီ၊ အရိုင်းနှင့် ရန်ပိုင်စိုးတို့၏ ဟဒယနှလုံးရွှင်ပြုံးစေမည့် ဟာသများကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။ ဂီတပွဲတော်ကြီး၏ ဝင်ကြေးမှာ ငွေကျပ်ငါးရာ၊တစ်ထောင်၊နှစ်ထောင်၊ သုံးထောင်နှင့်ငါးထောင်အသီးသီးဖြစ်ပြီး ညစဉ်၇နာရီမှစ၍ ဂီတပွဲတော်ကြီးကျင်းပမည်ဖြစ်သည်။ ကြိုတင်လက်မှတ်များကို ချမ်းသာစာပေတိုက် အမှတ်(၁၂၀) ၃၄ လမ်းနှင့် နေပြည်တော်ရုပ်ရှင်ရုံတို့တွင် ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို မိုးမိတ်မြို့ရှိ နမ့်မောင်းချောင်းတံတား ဖွင့်ပွဲကျင်းပ

ရန်ကုန်　　မတ်　　၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ပြီးစီးပြီးဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ရှိ နမ့်မောင်းချောင်းတံတား ဖွင့်ပွဲကို မတ် ၁၆ရက် နံနက်ပိုင်းတွင် အဆိုပါတံတားထိပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ပြီးဖြစ်ကြောင်း၊ ယခု နမ့်မောင်းချောင်းတံတားကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခြင်းမှာ ယခင်တံတားဟောင်းမှာ ၂၀၀၁ခုနှစ် ဇွန်လက မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေ တစ်ဟုန်ထိုးစီးဆင်းတိုက်စားမှုကြောင့် တံတား တစ်စင်းလုံး ရေထဲမျောပါသွားခြင်းတွင် နမ့်မောင်းချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရက အရှည်ပေ ၆၀၀ ရှိ သံလွင်မြစ်ကူး(တာပါး)ကြိုးတံတား၊ ပေ ၅၀၀ ရှိ ရွှေလီကြိုးတံတားနှင့် အရှည်ပေ၄၇၀ ရှိ ဒုဋ္ဌဝတီ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မိုးမိတ်မြို့ရှိ နမ့်မောင်းချောင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ဆောက်လုပ်ရေး)

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် အမျိုးသားရေးရည်မှန်းချက်များ ချမှတ်၍ အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်စုံ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်ဖောက်လုပ်

ထိုသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများအနေဖြင့်လည်း ယခင် ၁၉၈၈ခုနှစ်က လမ်းမိုင် ၁၃၆၃၅သာ ရှိခဲ့၍ ယခု ၁၈၁၁၂မိုင်ရှိရာ လမ်းမိုင်အားဖြင့် ၄၄၇၇မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ တံတားများအနေဖြင့်လည်း ပေ ၁၈၀နှင့်အထက် တံတားကြီး ၁၆၈စင်းကို တည်ဆောက်ပေးခဲ့ကြောင်း ယခုကဲ့သို့ တံတားအသစ်ထပ်မံတည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုမှာလည်း ငါးလကျော်သာ ကြာမြင့်ခဲ့ကြောင်း။

တံတားကြီး တည်ဆောက်ပြီးစီးသွားပြီးဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိုးမိတ်နှင့် မိုးကုတ်မြို့များမှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့များသာမက ကျန်ပြည်နယ်နှင့်တိုင်းများသို့ပါ အလွတ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာကို တုံ့ပြန်သောအားဖြင့် ဒေသခံပြည်သူများကလည်း တံတားကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာ တံတားများကို ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တံတားကို တာဝန်ယူ တည်ဆောက်ပေးနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း လမ်းများ၊ တံတားများ အထူးကောင်းမွန်လာသည့်အတွက် ခရီးလမ်းပန်း ဆက်သွယ်သွားလာရေးမှာ အလွန်ချောမွေ့မြန်ဆန်လာပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ မြန်ဆန်လာသည်နှင့်အမျှ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု သွားလာမှု လွယ်ကူလာသည့်အတွက် တိုင်းရင်းသားဒေသခံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

၁၆၈ စင်း

နိုင်ငံတော်အစိုးရကလည်း ဒေသတစ်ခုနှင့်တစ်ခု အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီတွင် နိုင်ငံအတွင်း စစ်ကိုင်းတံတားတစ်စင်းသာ ဧရာဝတီမြစ်ကူးတံတားအဖြစ် ရှိခဲ့ရာမှ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်းအထိ ဖြတ်ကျော်တည်ဆောက်ခဲ့ပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံတစ်ဝှမ်း ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၆၈စင်းကို တည်ဆောက်ပေးပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား (မော်လမြိုင်)ကိုလည်း မကြာမီ တည်ဆောက်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကလည်း တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် နမ့်မောင်းချောင်းတံတားကြီး ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက်လည်း ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တံတားတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံပြည်သူ ဦးစိုးမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် နမ့်မောင်းချောင်းတံတားကို တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ တံတားကြီးတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ နမ့်မောင်းချောင်းတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်–ကုန်းဝက်လမ်းပေါ်တွင် တည်ရှိပြီး တံတားကို ဘေလီနှင့် သစ်သားတွဲဆက် တည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားအရှည်မှာ ပေ ၃၀၀ရှိ၍ ရေလမ်းကင်းလွတ်အမြင့်မှာ ၁၃ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၁၂ပေခွဲရှိပြီး တံတားခံနိုင်ဝန်မှာ ၁၃တန် ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မြန်မာဝူရှူးအဖွဲ့ တရုတ်၌လေ့ကျင့်ရန် ထွက်ခွာ

ရန်ကုန်　　မတ်　　၁၇

နိုင်ငံတကာ ဝူရှူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းမြင့် ခေါင်းဆောင်သော မြန်မာ ဝူရှူးအဖွဲ့သည်**(ယာပုံ)** ယနေ့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးတင့်နိုင်၊ အားကစားသမားများအဖြစ် မျိုးမင်းစိုး၊ စိုးဝင်းသိန်းနှင့် ဟန်နီကိုကိုတို့ လိုက်ပါသွားကြသည်။

ယင်းအားကစားသမားများသည် ဖူးကျန့်ပြည်နယ်ရှိ ဝူရှူးအားကစားသင်တန်းကျောင်းတွင်နည်းပြဆရာဌားကာ တရုတ်အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်ကြမည်ဖြစ်သည်။

လိုက်ပါသွားသည့် အားကစားသမားသုံးဦးထဲမှ မျိုးမင်းစိုးသည် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(ကြေးမုံ)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲ(၅၀) ယူရိုငွေ ၁ဒသမ၃သန်းကျော်ဖိုး ရောင်းချရ

ရန်ကုန်　　မတ်　　၁၇

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅နာရီမှ ည ၁၀နာရီအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၁၈တွဲကို တန်ဖိုးယူရိုငွေ ၁၁၉၇၆၅၄ ဖြင့် ရတနာကုန်သည်များက ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၃၇၈တွဲကို တန်ဖိုး ယူရိုငွေ ၃၂၅၇၆၄၁ ဖြင့် ရောင်းချရသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၅၀တွဲကို တန်ဖိုးယူရိုငွေ ၁၃၅၁၉၈၆ ဖြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

မတ်လ ၁၈ရက်တွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် တတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ပုသိမ်-ငွေဆောင်ကားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

★ **ကျောဖုံးမှ**

ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျောင်းကုန်းတံတားညွှန့်ရိပ်သာ၌ ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အောက်ခြေအဆင့်အထိ ကွင်းဆင်း၍ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရေးကို မှာကြားသည်။

ငွေဆောင်ကမ်းခြေ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ပုသိမ်မြို့နယ် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်နှင့် တာဝန်ရှိသူများ၊ အစိုးရ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေဟိုတယ်ဆောက်လုပ်ရေးစီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေဆောင်ကမ်းခြေဒေသဆိုင်ရာ အချက်အလက်များနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးနော်အောင်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေဟိုတယ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ စီမံကိန်းပထမအဆင့်အနေဖြင့် တစ်ခန်းလျှင် ၁၄ပေပတ်လည်ရှိ အိပ်ခန်းငါးခန်းတွဲ အဆောင်ခြောက်ဆောင်နှင့် ထမင်းစားဆောင်၊ ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်၊ မီးဖိုဆောင်တို့ပါဝင်သည့် အလျား ၉၈ပေ၊ အနံပေ ၄၀ရှိ အာရ်စီ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ၂၄နာရီသန့်ရှင်းသည့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အဆောက်အအုံများအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိပ်ဆောင်ငါးခန်းတွဲခြောက်လုံး ဆောက်လုပ်ပြီးစီးမှု၊ ထမင်းစားဆောင်၊ ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်နှင့် မီးဖိုဆောင်ပါဝင်သော အာရ်စီနှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးနော်အောင်နှင့် ချိုဇော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ပြုံးရီတို့က လိုက်လံရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အိပ်ဆောင်ငါးခန်းတွဲ ခြောက်လုံးအဆောက်အအုံကို လာမည့် မဟာသင်္ကြန်ကာလမတိုင်မီ ဖွင့်လှစ်နိုင်ရေး၊ အရိပ်ရသစ်ပင်နှင့် ပန်းပင်များ စိုက်ပျိုးထားရှိရေးနှင့် သန့်ရှင်းသပ်ရပ်လှပရေးတို့အတွက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ငွေဆောင်မြို့မှ ပုသိမ်မြို့သို့ ပြန်လည်ထွက်ခွာလာပြီး အေရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်-ငွေဆောင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လာမည့် မိုးမကျမီကာလအတွင်း ကွန်ကရစ်လမ်းခင်းရန် ရည်မှန်းထားသည့် လမ်းအရှည် ၁၀မိုင်သုံးဖာလုံကို ပြီးစီးအောင်ဆောင်ရွက်ရေး၊ လမ်းဘေး ဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် အရိပ်ရ လေကာပင်များ စိုက်ပျိုးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

လမ်းအဆင့်မြှင့်တင်

ပုသိမ်-ငွေဆောင် လမ်းဖောက်လုပ်ရေး စီမံကိန်းသည် စုစုပေါင်း အကွာအဝေး မိုင် ၂၀ သုံးဖာလုံရှိပြီး ကျောက်ချောလမ်း ၂၁မိုင်နှင့် ကတ္တရာလမ်း ကိုးမိုင် သုံးဖာလုံရှိရာ ကျောက်ချောလမ်း ၂၁မိုင်အနက် မိုင်တိုင်အမှတ်(၂/၅)မှ (၁၃/၀)အထိ လမ်းအရှည် ၁၀မိုင်သုံးဖာလုံကို ကျောက်ချောလမ်းအဆင့်မှ ၁၄ပေအကျယ်ရှိ ကွန်ကရစ်လမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုသိမ်-ငွေဆောင်လမ်းပေါ်ရှိ သစ်သားတံတား ၂၈စင်းကို သံကူကွန်ကရစ် တံတားများအဖြစ် အစားထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မတ် ၁၄ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ ကျင်းပသည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီးနောက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

ဖားကန့်မြို့နယ်၌ ဘိန်းခင်း ၆၈ဧက ရှာဖွေဖျက်ဆီး

ရန်ကုန် မတ် ၁၅

၂၀၀၃/၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ရက်အထိ ကချင်ပြည်နယ် ဖားကန့်မြို့နယ် စံဖဲချောင်းနှင့် ဒူးခိုချောင်းဆိုရာ နေရာတစ်ဝိုက်၌ တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၄ခင်း စုစုပေါင်း ဘိန်းခင်း ၆၈ဧကကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း စုစုပေါင်း ၇၀၇၁ ဒသမ ၆၀ဧကဖျက်ဆီးခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ရက်အတွင်း ဖားကန့်မြို့နယ်၌ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းများအား ပူးပေါင်းအဖွဲ့မှ ရှာဖွေဖျက်ဆီးစဉ်။ (သတင်းစဉ်)

မဟာသတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၅

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိုဟ်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ၌ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၃ရက်မှ ၉ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ကုန္ဒက၊ အင်းစိန်ညောင်ကန်အေးသာသနာ့ရိပ်သာ သာသနဓဇ ဓမ္မာစရိယ၊ မဟာစည် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ထိလာအရှင်သုန္ဒရတို့နှင့် မြောက်ဥက္ကလာပမြို့နယ် ဓမ္မသီဂိုဟ်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသီဂိုဟ်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓရံသီတို့က မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်တို့ကို ဟောကြားပြသတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** Myanmar Economic Reforms (1989-1996) (ပြည်သူ့ရေးရာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြယ်နှင့်အတူပျံသန်းနေသော (အပိုင်း-၂) ဇာတ်သိမ်း သရုပ်ဆောင်-ကိုကိုလင်းမောင်၊ ခင်ဇာခြည်ကျော်၊ ယမုံစင်၊ (ဒါရိုက်တာ-တင်သန်းဦး)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၂၂)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဆွမ်းစားကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုဓမ္မာတိုက်ကျောင်း သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ၏ ဆောက်လုပ်ဆဲအောင်မြေရတနာ သုံးထပ်ဆွမ်းစားကျောင်းအတွက် တတိယအကြိမ်အလှူငွေပေးအပ်ပွဲကို မတ် ၁၄ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် ဒေါက်တာဆန်းဝင်း–ဒေါ်စမ်းစမ်းမေ မိသားစုက ငွေကျပ် ၂၆သိန်း **(အပေါ်ပုံ)**၊ မိခင်ကြီး ဒေါ်ခင်စိန်အား ရည်စူး၍ ကိုဖိုးထူး–မမီမီစိမ်နှင့် မောင်နှမတစ်စုတို့က ငွေကျပ် ၃၅သိန်း၊ ဦးခင်မြင့်–ဒေါ်အေးအေးမြင့် မိသားစုက ကျပ် ၂၅သိန်း၊ မိဘနှစ်ပါးအား အမှူးထား၍ ဒေါ်စိန်ကြည် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်စိန်–ဒေါ်စန်းလှိုင်မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကြီးကြပ်အင်ဂျင်နီယာများက လက်ခံရယူကြသည်။ (က–ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၃)ဖြန့်ချိ

ရန်ကုန် မတ် ၁၇

7 Day News ဂျာနယ် အတွဲ(၃)၊အမှတ်(၃)ကို မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားအမှတ်–၂ တည်ဆောက်ရေး လုပ်ငန်း၊ မြန်မာနှင့် အိန္ဒိယနယ်စပ်ကို ပိုမိုဖွင့်လှစ်ပေးနိုင်ရန် မြန်မာက စိတ်ထက်သန်၊နယ်စပ်တစ်လျှောက်တွင် အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်နိုင်ရန် အိန္ဒိယက အဆိုပြု၊ ဘောလုံးကွင်းသစ်များ ဖော်ထုတ်၊ လူငယ်များ ကိုယ်ခန္ဓာနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားနိုင် စသည့် ပြည်တွင်းသတင်းများနှင့် ဆယ်ကျော်သက် လက်ဖြောင့်သမားတစ်သက်တစ်ကျွန်းပေးခံရ၊ ပရိတ်နည်းသော ဓာတ်စာလေးဘက်နာကို ဟန့်တားနိုင်၊ အစ္စရေးမော့ဆက် အဖွဲ့ကြီး၏ အကြီးအကဲ မေယာဒါဂန်၏ လက်ကိုင်ဖုန်းအခိုးခံရ၊ အီရတ်၏ နိုင်ငံရေးပုဂ္ဂိုလ်များ ယာယီဖွဲ့စည်းပုံကိုလက်ခံကြပြီ၊ တရုတ်နိုင်ငံလုပ် ဘတ်စ်ကား စင်ကာပူသို့ ရောက်ပြီစသည့် နိုင်ငံတကာသတင်းများနှင့် ကုန်းပေါ်သို့ မိုင် ၆၀ ပေါက်ခဲ့သော ပင်လယ်ဖျံကြီး ခေါင်း၌ ကျည်သင့်ထားစသော ထူးထူးဆန်းဆန်းသတင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ပါးစေရန် ကျော့ပြန်သုံးကွန်ပျူတာများ ပိုထုတ်သင့်သိပ္ပံနှင့် နည်းပညာသတင်းများ ဝေဝေဆာဆာဖြင့် e-Empire House ဖုန်း–၇၀၃၈၁၃မှ ဖြန့်ချိလိုက်သည်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ကြော်ငြာစာအမှတ်(၂/၂၀၀၄)
[၂၀၀၄ ခုနှစ်၊ မတ်လ(၁၂)ရက်]

လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာနိုင်ငံအစိုးရပုံနှိပ်တိုက် မန္တလေးတွင်(လစာနှုန်းကျပ် ၃၀၀၀–၁၀၀–၃၅၀၀) လုပ်သား(ပုံနှိပ်)/(စာအုပ်ချုပ်)/(ဓာတ်ပုံ)ရာထူးများခန့်အပ်ရန်အတွက် ဝန်ထမ်းများ အလိုရှိပါသည်။

မှတ်ချက်

(၁) လျှောက်ထားသူများအတွက် အရည်အချင်းပြည့်ဝမှုပေါ် မူတည်၍ (လစာနှုန်း ကျပ် ၃၆၀၀–၁၀၀–၄၁၀၀) ပုံနှိပ်ကျွမ်းကျင်(၅) ရာထူးသို့ ချက်ချင်းတင်ပေးမည်။

(၂) ရာထူးလစာရင်းအပြင် ထောက်ပံ့ငွေ ၅၀၀၀ိ/–(ကျပ်ငါးထောင်တိတိ) ခံစားခွင့်ရရှိမည်။

၂။ လျှောက်ထားသူများသည်

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁–၃–၂၀၀၄)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ရမည်။

(ဃ) အလုပ်သမား(လေဘာ)မှတ်ပုံတင်လက်မှတ်ရှိရမည်။

(င) မန္တလေးတွင် မိမိအစီအစဉ်ဖြင့် နေထိုင်ပြီး တာဝန်ထမ်းဆောင်နိုင်မည့်သူအား ဦးစားပေးစဉ်းစားမည့်အပြင် ရန်ကုန်/မန္တလေးတွင် သင်တန်း လာရောက်တက်နိုင်သူများ ဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ် ၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့နှင့် စာတည်းမှူး၊ ကိုယ်ပွားသတင်းစာတိုက်၊ လမ်း ၂၀နှင့် ၂၁လမ်း၊ ၈၂နှင့် ၈၃လမ်းကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မန္တလေးမြို့သို့ (၃၁–၃–၂၀၀၄)နေ့ အရောက်ပေးပို့ လျှောက်ထားနိုင်ပါသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအားဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)
အချိန် – (၁၄း၀၀) နာရီ
နေရာ – စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ
ဖုန်း–၀၃၁–၂၅၁၇၈/၀၉၈၀–၃၂၉၆၈။

TODAY ENGINEERING SERVICE & TRAINING
Theory & Practical
No. 58, G/F, 7th St, Lanmadaw Tsp, Yangon.
220152

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း(REGU)ပြိုင်ပွဲကြီး

၂၄–၃–၂၀၀၄ မှ ၃၁–၃–၂၀၀၄
ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)

ပထမ–ဆုဖလားနှင့် ကျပ်သုံးသိန်း
ဒုတိယ–ဆုတံဆိပ်နှင့် ကျပ်နှစ်သိန်း
တတိယ–ဆုတံဆိပ်နှင့် ကျပ်တစ်သိန်း
စတုတ္ထ–နှစ်သိမ့်ဆု ကျပ်ငါးသောင်း
အမျိုးသားအလွတ်တန်းပြိုင်ပွဲနှင့် အမျိုးသားလူသစ်တန်းပြိုင်ပွဲ
အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ
ပြိုင်ပွဲဝင်းကြေး–တစ်ထောင်ကျပ် (၂၁–၃–၂၀၀၄)စာရင်းပိတ်မည်။
ပြည်နယ်/တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအတွက် ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်များကို အဖွဲ့ချုပ်မှ ပံ့ပိုးပေးမည်။
အသင်းတစ်သင်းလျှင် အားကစားသမား(၅)ဦးနှင့် အုပ်ချုပ်/နည်းပြတစ်ဦးခွင့်ပြုမည်။

အသေးစိတ်စုံစမ်းရန် ဖုန်း–၅၇၇၄၆ဝ
မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်။

တက်သုတိုင်းတတ်၍ တတ်သုတိုင်း ကျွမ်းကျင်နိုင်မှာ ချုပ်နိုင်ရမည်။
အဆင့်မြင့်ဖက်ရှင်နှင့် ဖက်ချုပ်သင်တန်း

တောင်အုံ့အိမ်ယာမြေကွက်များ ငွေလည်းမရှင်းရ ဈေးလည်းသက်သာလို့ မည်သူမဆို ဝယ်ယူနိုင်ကြပြီ။

ဝယ်ယူအားပေးကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ဒေါ်နီအား ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၀၄ ခုနှစ် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)အရ အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော–

ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီနာယက) အား

အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကုသိုလ်ရေးလုပ်ငန်းများကို ဆက်လက်ပံ့ပိုးလုပ်ဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်နီ၏ ညီအစ်ကို မောင်နှမများ

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကတ္တရာလမ်းသစ်ဖွင့်ပွဲတက်ရောက်

ပုသိမ် မတ် ၁၄

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ကွင်းတန်းလမ်း (ဖြတ်လမ်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းမော်ခင်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် တိုင်းစည်ပင်ညွှန်ကြားရေးမှူးများသို့ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက အထိမ်းအမှတ်အလံများပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် ကတ္တရာလမ်းအလှူရှင် ဒေါ်ရင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်လိုက်သော ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၃၅၀၊ အကျယ် ၁၀ ပေရှိပြီး အလှူရှင် ဒေါ်ရင်ကြည်က ငွေကျပ်သိန်း ၄၀၊ စည်ပင်သာယာရေးမှ ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၅၅ သိန်း ကုန်ကျကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၆၅)**

တရားတော်များ ဟောကြားပြသမည်

ပြင်ဦးလွင် မတ် ၁၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် နောင်လိုင်ရွာ ဘုန်းတော်ကြီးကျောင်း၌ ၁၃၆၅ ခု၊ တပေါင်းလပြည့်ကျော် ၁၅ ရက်မှ နှောင်းတန်ခူးလဆန်း ၁၀ ရက်ထိ မဟာစည် သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ကုန္ဒနနှင့် ဓမ္မကထိကများက တရားတော်များ ဟောကြားပြသကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ် သတင်းများ

ဆန်လှူအသင်း ဆွမ်းဆန်တော် လောင်းလှူမည်

မော်လမြိုင် မတ် ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်၍ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် (၂၂)ကြိမ်မြောက် ပရိယတ္တိစာသင်ကျောင်းများရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များနှင့် သီလရှင်များအား ပူဇော်ပွဲနှင့် မော်လမြိုင်မြို့နယ် လေးလပတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဧပြီ ၂၅ ရက်နှင့် ၂၆ ရက်များတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ဖန်လ်ယဉ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် မွန်ပြည်နယ် ၁၀ မြို့နယ်မှ ဂိုဏ်းပေါင်းစုံ သြဝါဒါစရိယ ဆရာတော်များ၊ နာယကဆရာတော်များ၊ မွန်ပြည်နယ် ၁၀ မြို့နယ်စာသင်တိုက်များနှင့် မော်လမြိုင်မြို့နယ်ရှိ သံဃာတော်များ၊ သီလရှင်များ စုစုပေါင်း အပါး ၆၂၆၀ တို့အား ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်သည်။

—— ဆက်သွယ်လှူဒါန်းနိုင် ——

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်များ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် ဖုန်း ၀၃၅-၂၁၁၄၄၊ မွန်ပြည်နယ် ဆန်လှူအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေ ဖုန်း ၀၅၇-၂၁၈၉၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၀၇)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီပုသိမ်စုကျေးရွာအုပ်စု ဂုတ်ချောင်းကျေးရွာတွင် စိန်ပန်းခိုင် ကိုယ့်အားကိုယ့်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပရာ မြို့နယ်သတင်းမီဒီယာကော်မတီဝင် ဦးမြင့်အောင်၊ မြို့နယ်ပြန်/ဆက် တာဝန်ခံဦးစီး ဒေါ်နော်မာဂရက်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးပေါက်စတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၃၆၄)



ဂန့်ဂေါဒေသ ဖွံ့ဖြိုးတိုးတက်ရေး စည်းဝေး

ဂန့်ဂေါ မတ် ၁၂

ဂန့်ဂေါဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုး၊ မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်တို့က ကဏ္ဍအလိုက် ရှင်းလင်းမှာကြားကြသည်။ အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၄၆၅)**

နွေစပါးနှင့် စီမံကိန်းဝင် သီးနှံစိုက်ပျိုး

ကန့်ဘလူ မတ် ၉

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် နွေစပါးနှင့် အခြားစီမံကိန်းဝင်သီးနှံများ အချိန်မီ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီလဆန်းမှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းပြီး ဆည်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ ချောင်းပိတ်မြောင်းပိတ် ဆည်များ တည်ဆောက်ရေး၊ နွေစပါးပျိုး အောင်ရေရရှိစေရေး၊ ထွန်ရေး၊ ထယ်ရေး၊ မြေလွှာပြုပြင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေလွှတ်ပေး

နွေစပါး စိုက်ပျိုးအောင်မြင်ရေးအတွက် မူးမြစ်သဖန်းဆိပ်ဘက်စုံရေလှောင်တမံကြီးက ဇန်နဝါရီ ၁၅ ရက်မှစပြီး ရေလွှတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်နေ့ထိ ကန့်ဘလူမြို့နယ်တွင် လယ်ဧက ၁၈၀၁ ဧက ရေရနေပြီဟု သိရသည်။ စိုက်ခင်း ၈၀၇၉ ဧက၊ ပျိုးခင်း ၃၀၅ ဧက မြေပြုပြင်ပြီးဖြစ်ကြောင်းနှင့် ၂၀၉၁ ဧက ပျိုးထောင်ပြီးဖြစ်ကြောင်း သိရသည်။ **(၃၈၆)**

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ စောင့်ရှောက်မှုကော်မတီသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပရာ အလှူရှင် မုဒုံမြို့ စက်သစ်ရပ်နေ ဆရာမ ဒေါ်သန်းမြင့်(အငြိမ်းစား အထက်တန်းပြ)က ငွေပဒေသာပင်စိုက်ထူရန် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီက လက်ခံရယူစဉ်။ (၂၅၇)

မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် တတိယအကြိမ် အလှူငွေပေးအပ်

ပခုက္ကူ မတ် ၁၀

ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်(အရှေ့)တိုက် အသောကာရုံ အလယ်ကျောင်းတော်ကြီး ပြုပြင်ရန် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ၉၇ ဦး လှူဒါန်းငွေနှင့် နေ့စဉ်အလှူခံရငွေနှစ်ရပ်ပေါင်း ၅၁ သိန်း လေးသောင်းကျော် ရရှိပြီး အလှူခံရရှိငွေပေါင်း ကျပ် ၁၅၁ သိန်းကျော် ရရှိပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

(၁၂)ကြိမ်မြောက် ညောင်ပင်ရှည်ရွာ ခုနစ်ရက်တရားစခန်း

စစ်ကိုင်း မတ် ၁၃

စစ်ကိုင်းမြို့နယ် ဆားတောင်အုပ်စု ညောင်ပင်ရှည်ရွာ အောင်ချမ်းသာရဘုရားဝင်းအတွင်း၌ တန်ခူးလဆန်း ၁၁ ရက်မှ တန်ခူးလပြည့်ကျော် ၂ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်မည်ဖြစ်ရာ ဓမ္မကထိက ဆရာတော် အရှင်ကဝိန္ဒ(ဓမ္မာစရိယ)က ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

